# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (8-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၈၄)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ့စီးပွားရေးကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကမ္ဘာကြည့် ကြည့်မြင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား ပုသိမ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်


**စာမျက်နှာ ၁၆ ကော်လံ ၁ ➩**


**ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေခံကုန်ကြမ်းများရှိပြီးဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေး ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်၊ One Region One Product ကို ဆောင်ရွက်ရာတွင်လည်း ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လို...**




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်
အယ်ဒီတာ့အာဘော်

# လယ်ယာကဏ္ဍနှင့် တောင်သူတို့၏လူမှုစီးပွားဘဝမြှင့်တင်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောပြီး စားရေရိက္ခာပေါများသည့်နိုင်ငံဖြစ်ပေါ်လာစေရေးအတွက် အဓိကကျသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်နှင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံးတွင် သီးနှံမျိုးစုံစိုက်ဧက ၃၃ ဒသမ ၂ သန်းခန့်ရှိပြီး မိုးကောင်းသောက်၊ ဆည်ရေသောက်၊ မြစ်ရေတင်စိုက်ပျိုးမြေသည် ဧက ၂၅ ဒသမ ၅၁၇ သန်းခန့်ရှိကာ မိုးစပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါးစိုက်ဧက သုံးသန်းခန့်ရှိသည်။ အဆိုပါစိုက်ပျိုးမြေများထဲတွင် ရေသွင်းစိုက်ဧရိယာဧက ၆ ဒသမ ၇၁ သန်းရှိသည့်အတွက် သီးနှံမျိုးစုံစိုက်ပျိုးနေသော အသားတင်စိုက်ဧရိယာ ဧက ၃၃ ဒသမ ၂ သန်း၏ ၂၀ ရာခိုင်နှုန်းကျော်ကို ဆည်ရေပေးဝေလျက်ရှိသည်ကို တွေ့ရသည်။

ရေအသုံးချမှုစနစ်တကျပြုလုပ်ပြီး ရေသွင်းစိုက်ဧက ခြောက်သန်းကျော်ကို စပါး၊ ပဲ၊ စပါး၊ စပါး၊ နေကြာ၊ စပါး၊ စပါး၊ နှမ်း၊ စပါး၊ အခြားစပါးနှင့်တွဲပြီး သီးထပ်နှစ်မျိုး စသည်ဖြင့် မိမိကြိုက်နှစ်သက်ရာသီးနှံများကို သုံးသီးစိုက်ပျိုးသွားနိုင်မည်ဆိုပါက တောင်သူများ၏ လူမှုစီးပွားဘဝသည် များစွာပြောင်းလဲသွားမည်ဖြစ်သည်။

စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဆည်မြောင်းစီမံကိန်းများကို အလေးထားရင်းနှီးမြှုပ်နှံပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့သော ဆည်ရေအရင်းအမြစ်များကို ထိထိရောက်ရောက်အကျိုးရှိအောင် အသုံးချပြီး မိမိတို့စိုက်ပျိုးမွေးမြူရေးကဏ္ဍတိုးတက်ပြောင်းလဲလာအောင် ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ဆည်ရေပေးဝေမှုစနစ်တွင် တောင်သူများအနေဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်းပြီး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်သည့် အလေ့အထများဖြစ်ပေါ်လာမည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍများတွင်သာမက မိမိတို့၏လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းများကိုပါ စုပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကျိုးတူလယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ရာ၌ ယခုကဲ့သို့ အသင်းအဖွဲ့များဖြင့်ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ကြောင့် ဆည်ရေပေးဝေမှုလုပ်ငန်းများတွင် တောင်သူကြီးများကိုယ်တိုင် ပါဝင်စီမံပြီး မိမိတို့၏စုပေါင်းအင်အားဖြင့် တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန်နှင့် မိမိအကျိုး၊ နိုင်ငံအကျိုးမျှော်ကိုးပြီး သာယာဝပြော၍ စားရေရိက္ခာပြည့်စုံကြွယ်ဝသည့်နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရန် ပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်"ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ အသေးစားလုပ်ငန်း ၄၉၆ ခုကို မှတ်ပုံတင်ခွင့်ပြုထုတ်ပေးထား



**မန္တလေး ဖေဖော်ဝါရီ ၇**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ အသေးစားလုပ်ငန်း ၄၉၆ ခုကို မှတ်ပုံတင်ခွင့်ပြုထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း အသေးစားလုပ်ငန်း ၄၉၅ ခုကို လျာထားထုတ်ပေးလျက်ရှိရာ ယနေ့ထိ စားသောက်ရေးဆိုင်ရာလုပ်ငန်း ၂၂၁ ခု၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း လေးခု၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း ၁၇ ခု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ၇၆ ခု၊ ကုန်ကြမ်းပစ္စည်းဆိုင်ရာလုပ်ငန်းနှစ်ခု၊ စိုက်ပျိုးရေးပစ္စည်းဆိုင်ရာလုပ်ငန်း ၂၃ ခု၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်း ငါးခု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ကိုးခု၊ စက်ပစ္စည်းလုပ်ငန်းနှစ်ခု၊ အထွေထွေ အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၃၇ ခု စုစုပေါင်း အသေးစားလုပ်ငန်း ၄၉၆ ခုကို မှတ်ပုံတင် ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"အခု ဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင်ကို ၄၉၅ ခုလျာထားပြီးတော့ ထုတ်ပေးနေတာပါ။ ဒီနေ့အချိန်ထိ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေအတွက် လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးပြီးတာ ၄၉၆ ခုကို ခွင့်ပြုထုတ်ပေးပြီးသွားပါပြီ။ လျာထားချက် ပြည့်မီကျော်လွန်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လဲ လုပ်ငန်းမှတ်ပုံတင်တွေ ထုတ်ပေးနေပါတယ်။ တိုင်းဒေသကြီးအတွင်း မြို့နယ်၊ ကျေးရွာအလိုက် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ တရားဝင်ထုတ်ကုန်တွေ ထုတ်လုပ်ရောင်းချနိုင်အောင် မှတ်ပုံတင်တွေ ခွင့်ပြုထုတ်ပေးနေတာပါ"ဟု ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးနေသော လုပ်ငန်းအမျိုးအစားများမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်း၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့်စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းလုပ်ငန်း၊ ဓာတ်သတ္တုပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ အထွေထွေအသေးစားစက်မှုလက်မှုလုပ်ငန်း စသည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်တင်ပို့သည့်သင်္ဘောအစီးရေ များပြားလာ

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်တင်ပို့သည့် သင်္ဘောအစီးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရေယာဉ်များ သွားလာရာတွင် ရေလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း၊ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်တင်ပို့သည့်သင်္ဘောများ သွားလာရာတွင် အဆင်ပြေစွာ သွားလာလျက်ရှိသည့်အပြင် ကုန်ကြမ်းရရှိမှုလည်း များပြားလာခြင်းကြောင့် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ကျောက်စရစ်တင်ပို့သည့်သင်္ဘောအစီးရေ များပြားလာကြောင်း သိရသည်။

"အခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်ကို တင်ပို့တဲ့ ကျောက်စရစ်တွေ တော်တော်လေးများလာတယ်။ ရွှေကြက်ယက်ဆိပ်ကမ်းကနေ ကျောက်စရစ်၊ ဘိလပ်မြေအပြင် ကျောက်မီးသွေးတင်ပို့မှုတွေလဲ ရှိပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ကျောက်စရစ်တင်ပို့သည့် သင်္ဘောအစီးရေမှာ ဇန်နဝါရီလ နောက်ဆုံးပတ်က အစီးရေ ၅၀ ကျော်သာရှိခဲ့ကြောင်း၊ ယခုအခါ ကုန်ကြမ်းရရှိမှုများပြားလာခြင်းကြောင့် ကျောက်စရစ်တင်ပို့သည့် သင်္ဘောအစီးရေမှာ ဖေဖော်ဝါရီလ ပထမပတ်မှစ၍ အစီးရေ ၁၀၀ ကျော်ထိရှိလာပြီး သင်္ဘောအစီးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း ဖွင့်လှစ်ပို့ချသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်းကို ဖေဖော်ဝါရီလ စတုတ္ထပတ်မှစ၍ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေး စိတ်ပါဝင်စားသူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေပြီး ရေချိုငါးမွေးမြူရေးကို စနစ်တကျမွေးမြူနိုင်စေရေး၊ ငါးအစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မိမိတို့ကိုယ်တိုင် ငါးသားပေါက်ထုတ်လုပ်နိုင်စေရေးရည်ရွယ်၍ အခမဲ့ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကို သရက်ကုန်း ငါးလုပ်ငန်းစခန်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ဦးရေ ၂၀ မှ ၂၅ ဦးထိ လက်ခံကာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့သူတွေကို သင်တန်းပေးသွားမှာပါ။ ငါးမွေးမြူသူတွေ စနစ်တကျ မွေးမြူနိုင်စေဖို့အတွက် သင်တန်းပို့ချပေးတာပါ။ သင်တန်းကတော့ နှစ်ရက်ကြာသင်တန်းပါ။ ငါးလုပ်ငန်းစခန်းက ပညာရှင်တွေက သင်ကြားပေးသွားမှာပါ။ အခုလို နည်းပညာရပ်သင်တန်းတွေပေးခြင်းကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မဲ့ အကျိုးကျေးဇူးတွေရရှိမှာပါ။ ငါးမွေးမြူသူတွေလဲ တိုးပွားလာမှာပါ။ ငါးမွေးမြူတဲ့အခါမှာ လိုအပ်တဲ့အကြံဉာဏ်တွေကိုလဲ ဌာနကပေးသွားမှာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

သင်တန်းတွင် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAQP) စနစ်ဖြင့် မွေးမြူနိုင်သည့် ပညာရပ်များ၊ ရွှေဝါငါးကြင်းသားဖောက်ပညာရပ်များ၊ ရေပေါ်လှောင်အိမ်နှင့် ငါးမွေးမြူခြင်း နည်းပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။



## တိုင်းရင်းသားပြည်သူအားလုံး အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထား

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းရေးတို့သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အရေးကြီးသောတာဝန်ပင်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက မိမိတို့၏ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကိုလေးစားလိုက်နာပြီး အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်
၁၂-၂-၂၀၂၂

# ကျိုက်လတ်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ စပါးနှင့် ငါး တွဲဖက်စိုက်ပျိုးမွေးမြူမည်

**ကျိုက်လတ် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူသွားမည်ဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များ အသင်း မွေးမြူရေးတာဝန်ခံ ဒေါ်လှဲ့လှဲ့က ပြောပြ၍ သိရသည်။



ယခင်နှစ်က စပါးနှင့်ငါး တွဲဖက်စိုက်ခင်းကို တွေ့ရစဉ်။

ကျိုက်လတ်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ စပါး ၁၀၅ ဧကအတွင်း ငါးသားပေါက်များထည့်ပြီး စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူသည့် မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစပါးနှင့် ငါးတွဲဖက်စိုက်ပျိုးမွေးမြူရာတွင် မွေးမြူသည့်ငါးများအတွက် ငါးအစာစရိတ်ကုန်ကျမှု လျော့နည်းသက်သာခြင်း၊ စပါးတွင်ကျရောက်တတ်သည့် ပိုးမွှားအန္တရာယ်များလျော့နည်းသက်သာခြင်းနှင့် စပါးမှရသည့်ဝင်ငွေအပြင် ငါးမှရသည့်ဝင်ငွေလည်း ရရှိမည်ဖြစ်သည့်အတွက် နှစ်ဖက်နှစ်လမ်းအကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ စပါးနှင့် ငါးတွဲဖက်စိုက်ပျိုးမွေးမြူနိုင်ဖို့ လယ်မြေပြုပြင်တာ၊ နွေကာလဖြစ်တဲ့အတွက် ငါးတွေအသေအပျောက်မရှိစေဖို့ စနစ်တကျ ရေသွင်းရေထုတ်လုပ်နိုင်ဖို့ ရေသွယ်မြောင်းတွေပြုပြင်တာစတဲ့လုပ်ငန်းတွေကို ကြိုတင်ပြင်ဆင်နေပါတယ်။ တွဲဖက်မွေးမြူတဲ့လုပ်ငန်းကိုတော့ ဖေဖော်ဝါရီလတတိယပတ်လောက်မှာ စတင်ဖို့ ပြင်ဆင်ထားပါတယ်။ စပါးနဲ့ ငါးတွဲဖက်စိုက်ပျိုးမွေးမြူတဲ့လုပ်ငန်းကို အရင်နှစ်တွေကတည်းက အတွေ့အကြုံရှိပါတယ်။ နွေစပါးစိုက်တဲ့ရာသီမှာ မွေးရင်တော့ မိုးစပါးစိုက်တဲ့ကာလထက် ပိုဂရုစိုက်ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်း မွေးမြူရေးတာဝန်ခံ ဒေါ်လှဲ့လှဲ့က ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ စပါးနှင့် ငါးတွဲဖက် စိုက်ပျိုးမွေးမြူရာတွင် ငါးခုံးမ၊ တီလားပီးယား၊ ရွှေဝါငါးကြင်း စသည့်ငါးအမျိုးအစားများကို မွေးမြူသွားမည်ဖြစ်ကြောင်း၊ အဆိုပါစပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူရာတွင် စပါးကို ပထမဆုံး စိုက်ပျိုးရခြင်းဖြစ်ပြီး စပါးသက်တမ်းရက်ပေါင်း ၃၀ ခန့်ရရှိချိန်မှ ငါးများကို မွေးမြူရခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နေပြည်တော်ပြည်ထောင်စုနယ်မြေ၌ GIS နည်းပညာလက်တွေ့အသုံးပြုနည်းသင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပထဝီဆိုင်ရာသတင်းအချက်အလက်စနစ်(GIS)နည်းပညာလက်တွေ့အသုံးပြုနည်း သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ရုံးအမှတ်(၃၆)၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက မိမိတို့ဦးစီးဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ယခင်ကထက် ပိုမိုတိုးတက်လာစေရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်စေရန်အတွက် နည်းပညာလက်တွေ့အသုံးပြုနည်းသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သင်တန်းမှသင်ကြားပေးသော သင်ခန်းစာများကို စနစ်တကျလေ့လာသင်ယူကြစေလိုကြောင်း၊လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်) သင်တန်းနည်းပြ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာစိုးက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၉ ရက်ထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ကံမမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**ကံမ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျောက်မဲကျေးရွာနှင့် အုတ်ရှစ်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် ဝန်ထမ်းများက ကျောက်မဲကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် Slab Culvert နှစ်စင်း တည်ဆောက်နေမှုအခြေအနေများ၊ အုတ်ရှစ်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကံမမြို့နယ် ကျောက်မဲကျေးရွာ၌ လမ်းအရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်ပေရှိ Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၇ ဒသမ ၉၁၈ သန်းဖြင့် Green Land ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အုတ်ရှစ်ကုန်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၅၀၀ ရှိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၈ ဒသမ ၆ သန်းဖြင့် စွမ်းထက်ပြည့်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**



# ရန်ကုန်မြို့ပြအမွေအနှစ် စိန့်မေရီကက်သလစ်ဘုရားကျောင်း

**မောင်သာ(ရှေးဟောင်းသုတေသန)**



စိန့်မေရီကက်သလစ်ဘုရားကျောင်း

တစ်ချိန်က တံငါရွာငယ်တစ်ရွာဖြစ်ခဲ့သည့်ရန်ကုန်သည် ခေတ်ကာလများစွာကို ဖြတ်သန်းခဲ့ပြီးနောက် အရှေ့တောင်အာရှတွင် ထင်ရှားသည့်မြို့တော်တစ်ခု ဖြစ်လာခဲ့သည်။ ရန်ကုန်မြို့သည် တံငါရွာအဖြစ် မည်သည့်အချိန်ကတည်းကရှိခဲ့ကြောင်း တိကျစွာမသိရှိသော်လည်း ၁၇၅၃ ခုနှစ်တွင် အလောင်းမင်းတရားဦးအောင်ဇေယျက သစ်လုံးများကာရံခဲ့သည့်မြို့အဖြစ် တည်ထောင်ခဲ့သည်။ အောက်မြန်မာပြည်ကို အင်္ဂလိပ်များက သိမ်းယူပြီးနောက် ရန်ကုန်မြို့ကို စနစ်တကျ မြို့ကွက်ဖော်ခဲ့သည်။ မြို့သစ်တည်ခြင်းနှင့်အတူ လမ်းများဖောက်ခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြရာ နှစ် ၁၀၀ ကျော်လွန်လာချိန်တွင် ၎င်းတို့သည် မြို့ပြအမွေအနှစ်များ ဖြစ်လာခဲ့ကြသည်။ ရန်ကုန်မြို့ပြ အမွေအနှစ်များတွင် ကိုလိုနီခေတ်ကတည်ဆောက်ခဲ့သည့် လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများက အများဆုံးဖြစ်သည်။ ၎င်းတို့အနက် စိန့်မေရီကက်သလစ်ဘုရားကျောင်းသည် ထင်ရှားသောဘာသာရေးအဆောက်အအုံတစ်ခုဖြစ်သည်။

**မြန်မာနိုင်ငံနှင့် ခရစ်ယာန်ဘာသာ**

မြန်မာနိုင်ငံသို့ ခရစ်ယာန်ဘာသာသည်မည်သည့်အချိန်တွင် စတင်ရောက်ရှိခဲ့ကြောင်း တိကျစွာမသိသော်လည်း ပြည်ပနိုင်ငံများနှင့် ဆက်ဆံမှုများရှိလာခဲ့ပြီးနောက် ဥရောပနိုင်ငံသားများ မြန်မာနိုင်ငံသို့ လာရောက်ချိန်မှစ၍ ယဉ်ကျေးမှု၊ အနုပညာ၊ အတတ်ပညာများနှင့်အတူ ဘာသာတရားများပါ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံသို့ ကက်သလစ်ဘာသာ သာသနာပြုပုဂ္ဂိုလ်များ ရောက်ရှိမလာမီကပင် ဘာသာဝင်တချို့ရောက်ရှိခဲ့သည်။ ခရစ်နှစ် ၁၄၉၆ ခုနှစ်တွင် ပဲခူးမြို့သို့ရောက်ရှိခဲ့သော အီတလီနိုင်ငံ ဂျင်နိုဝါမြို့မှ ကုန်သည်တစ်ဦး၏ မှတ်တမ်းတွင် ပဲခူးမြို့၌ရှိနေစဉ် ကွယ်လွန်ခဲ့သည့် မိတ်ဆွေတစ်ဦးကို ဘုရားကျောင်းပျက်တစ်ခုတွင် သင်္ဂြိုဟ်ခဲ့ကြောင်း ပါရှိခဲ့သည်။ ၁၆ ရာစုနှောင်းပိုင်းတွင် မလက္ကာမှ Jesuit ဂိုဏ်းဝင်ဘုန်းကြီး လေးပါး၊ ၁၇ ရာစုတွင် အင်းဝသို့ နှစ်ပါးရောက်ရှိခဲ့သည်ဟုဆိုသည်။ မြန်မာ့သမိုင်းတွင် နာမည်ဆိုးဖြင့် ထင်ရှားခဲ့သည့် ပေါ်တူဂီလူမျိုးဇင်ကာ မြန်မာနိုင်ငံသို့ မရောက်မီပင် ပေါ်တူဂီစစ်သည်များသည် ရခိုင်ဘုရင်၊ မုတ္တမစားနှင့် တောင်ငူဘုရင်များထံတွင် အမှုထမ်းခဲ့ကြသည်။ ဇင်ကာနှင့်ပူးပေါင်းခဲ့သည့် တောင်ငူဘုရင် နတ်ရှင်နောင်သည် ကက်သလစ်ဘာသာသို့ ကူးပြောင်းခဲ့သည်။ အင်းဝဘုရင် အနောက်ဘက်လွန်မင်းလက်ထက်တွင် သန်လျင်ကို သိမ်းပိုက်၍ ဇင်ကာနှင့် နတ်ရှင်နောင်တို့ကိုသုတ်သင်ခဲ့ပြီး ပေါ်တူဂီဦးရေ ၄၀၀၀ ကျော်ကို အထက်မြန်မာပြည်သို့ပြောင်းရွှေ့၍ ချင်းတွင်းမြစ်နှင့် မူးမြစ်ကြားတွင် နေထိုင်စေခဲ့သည်။ ၎င်းပေါ်တူဂီများသည် ကက်သလစ်ဘာသာကိုကိုးကွယ်ကြကာ ကက်သလစ်ဘုရားကျောင်းများကို တည်ဆောက်ခဲ့ကြသည်။

အင်းဝဘုရင် တနင်္ဂနွေမင်းလက်ထက်၌ အနောက်တိုင်းမှ ခရစ်ယာန်ဘုန်းကြီးများကို သာသနာပြုခွင့်ပေးခဲ့သည်။ ၁၇၃၀ ပြည့်နှစ်တွင် ဘားရ်နားဘိုက်ဘုန်းတော်ကြီး ဂါလီဇီယားကို သိက္ခာတင်ပေးပြီးနောက် ကက်သလစ်ဘုန်းတော်ကြီးများသည် မြန်မာနိုင်ငံသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာခဲ့ကြသည်။ အင်းဝရောက်ခြေရာများစာအုပ်အရ ၁၇၇၁ ခုနှစ်တွင် ချောင်းဦးမြို့နယ် မုံလှကျေးရွာ၌ ပထမဆုံးသော ကက်သလစ်ရဟန်းဖြစ်ကျောင်းကိုဖွင့်လှစ်ခဲ့ပြီး ဘုန်းကြီးသုံးပါး ထွက်ပေါ်ခဲ့သည်။ ၎င်းတို့သည် ချမ်းသာရွာဇာတိ Fr. Joseph မောင်မောင်ကြီး၊ ချောင်းရိုးသား Fr. Andrew မောင်ကိုးနှင့် ရန်ကုန်မြို့မှ Fr. Ignatius di Britto တို့ဖြစ်ကြသည်။

**ရန်ကုန်မြို့ရှိ ကက်သလစ်သာသနာပြုကျောင်းများ**

၁၇၆၈ ခုနှစ်တွင် ဘားရ်နားဘိုက် သာသနာပြုများသည် ရန်ကုန်မြို့၌ သာသနာပြုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြချိန်တွင် ဘုန်းတော်ကြီး ပီအိုဂါလီဇီယားက ပထမကျောင်းထိုင်အဖြစ်တာဝန်ယူခဲ့သည်။ ၁၇၇၂ ခုနှစ်တွင် ဘုန်းတော်ကြီး မာချဲလိုကော်တင်းနိုးဇစ်သည် မယ်တော်သခင်မ ကွန်ဗင့်(The Assumption Convent)ကိုတာဝန်ယူခဲ့သည်။ ၎င်းကွန်ဗင့်ကျောင်းသည် ထိုစဉ်က မြို့ရိုးပတ်ထားသည့် ရန်ကုန်မြို့အတွင်း၌တည်ရှိခဲ့ကာ ကျောင်းဆောင်သစ်များကို တိုးချဲ့တည်ဆောက်ခဲ့သဖြင့် အမျိုးသမီးဦးရေ ၁၀၀၀ ပညာသင်ယူနိုင်သည့် ကျောင်းဖြစ်ခဲ့သည်။ ၎င်းကျောင်းတွင် ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာအမျိုးသမီးတချို့ကို အုပ်ထိန်းသူများအဖြစ်ခန့်ထားခဲ့သည်။ ၎င်းကျောင်းသည် နောင်အခါတွင် ပေါ်ပေါက်လာခဲ့သည့် အမျိုးသမီးများ သီးသန့်ပညာသင်ကျောင်း(ကွန်ဗင့်)များ၏ ရှေ့ပြေးဖြစ်ခဲ့သည်။ ထို့အတူ စိန်ဂျွန်းယောက်ျားလေးစာသင်ကျောင်းကို စိန်ဂျွန်းဘတ္တစ္စတားဘုရားကျောင်း၌ဖွင့်လှစ်ခဲ့ရာ ဘုရားကျောင်း တည်နေရာသည် ထိုအချိန်က ရန်ကုန်မြို့ စည်းရိုးအပြင်ဘက်ရှိ တပ်ကလေးရပ်ကွက်ဖြစ်သည်။ စိန်ဂျွန်းစာသင်ကျောင်းကို ၁၇၈၆ ခုနှစ်တွင် ဘုန်းတော်ကြီး စန်ဂျယ်လ်ရ်မားနိုက တာဝန်ယူခဲ့သည်။ ကက်သလစ်ဘာသာဝင်လိုသည့် မြန်မာတိုင်းရင်းသားများအတွက် ၁၇၇၁ ခုနှစ်တွင် မုံလှ၌ ရဟန်းဖြစ်ကျောင်းကို ဖွင့်လှစ်ခဲ့ပြီး ၁၇၈၆ ခုနှစ်တွင် ၎င်းကျောင်းကို ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ စိန်ဂျွန်းဘတ္တစ္စတားကျောင်းနှင့် တွဲဖက်ဖွင့်လှစ်ခဲ့သည်။

**ယုဒသန်နှင့် ရန်ကုန်**

မြန်မာနိုင်ငံ ခရစ်ယာန်သာသနာအကြောင်းရေးလျှင် မြန်မာတို့က ယုဒသန်ဟုခေါ်သည့် ဒေါက်တာဂျပ်ဆင်(Dr. Adoniran Judson)ကို ချန်လှပ်ထား၍မရပါချေ။

ယုဒသန်သည် မြန်မာနိုင်ငံတွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် အင်းဝသို့မသွားမီ ရန်ကုန်မြို့သို့ ၁၈၁၃ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဇနီးနှင့်အတူ ရောက်ရှိခဲ့သည်။ ယုဒသန်သည် ရန်ကုန်မြို့အတွင်း လှည့်လည်သွားရောက်ကြည့်ရှုခဲ့ရာ အာမေးနီးယားသင်္ချိုင်းအနီးတွင် ကက်သလစ်ဘုရားကျောင်းတစ်ခုကိုတွေ့ရှိခဲ့သည်။ အာမေးနီးယားသင်္ချိုင်းနေရာသည် ယခုဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်၊ အနောက်မြောက်ဘက်နေရာဟုဆိုသည်။

ယုဒသန်သည် ရန်ကုန်မြို့သို့ ရောက်သည်နှင့် မြန်မာစာနှင့်စကားကိုသင်ယူခဲ့ကာ ကက်သလစ်ဘာသာ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ၁၈၁၉ ခုနှစ် ဇွန် ၁၃ ရက်တွင် မြန်မာအမျိုးသားဦးနော်ကို ကက်သလစ်ဘာသာသို့ သွတ်သွင်းပေးခဲ့သည်။ အင်းဝခေတ်တွင် ယုဒသန်က ကက်သလစ်ဘာသာဝင်တိုးပွားရေးကိုဆောင်ရွက်ခဲ့ပြီး နောက်ပိုင်း၌ မြန်မာနိုင်ငံတွင် ကက်သလစ်ဘာသာဝင်များ တစ်စတစ်စတိုးပွားလာခဲ့ရာ ရန်ကုန်မြို့၌ ကက်သလစ်ဘုရားကျောင်းများ တိုးပွားလာခဲ့သည်။

**စိန့်မေရီကက်သလစ်ဘုရားကျောင်း (Saint Mary's Cathedral or Immaculate Conception)**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း

> ❖ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၌တည်ရှိသည့် စိန့်မေရီ ကက်သလစ်ဘုရားကျောင်းသည် ခေါင်းလောင်းမျှော်စင်တိုင်နှစ်ခုပါရှိသည့် ဂေါသစ်လက်ရာဟန် ဗိသုကာဒီဇိုင်းဖြစ်ကာ အဆောက်အအုံပုံစံကို ဒတ်ချ်ဗိသုကာပညာရှင် ဂျိုးဇက်ပါရီကူးပါး(Joseph Cuypers)က ရေးဆွဲခဲ့သည်။ စိန့်မေရီကက်သလစ်ဘုရားကျောင်းကို ၁၈၉၅ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၈၉၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ပြီးစီးခဲ့ကာ မြန်မာနိုင်ငံ၏အကြီးဆုံးသော ကက်သလစ်ဘုရားကျောင်းဖြစ်လာခဲ့သည်။ ❖

ထောင့်၌တည်ရှိသည့် စိန့်မေရီကက်သလစ်ဘုရားကျောင်းသည် ခေါင်းလောင်းမျှော်စင်တိုင်နှစ်ခုပါရှိသည့် ဂေါသစ်လက်ရာဟန် ဗိသုကာဒီဇိုင်းဖြစ်ကာ အဆောက်အအုံပုံစံကို ဒတ်ချ်ဗိသုကာပညာရှင် ဂျိုးဇက်ပါရီကူးပါး(Joseph Cuypers)က ရေးဆွဲခဲ့သည်။ စိန့်မေရီကက်သလစ်ဘုရားကျောင်းကို ၁၈၉၅ ခုနှစ်တွင်တည်ဆောက်ခဲ့ပြီး ၁၈၉၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင်ပြီးစီးခဲ့ကာ မြန်မာနိုင်ငံ၏ အကြီးဆုံးသော ကက်သလစ်ဘုရားကျောင်းဖြစ်လာခဲ့သည်။ ဘုရားကျောင်းအဆောက်အအုံသည် ၁၉၃၀ ပြည့်နှစ်တွင် လှုပ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် အနည်းငယ်ပျက်စီးခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း၌မူ ပျက်စီးမှုမရှိခဲ့ချေ။

စိန့်မေရီကက်သလစ်ဘုရားကျောင်းကို မတည်ဆောက်မီက အင်းဝနှင့် ပဲခူး သာသနာပြုဘုန်းကြီး ပေါလ်ဘီဂန်ဒက်(၁၈၅၆-၁၈၉၄)သည် ကက်သလစ်ဘာသာဝင်များတိုးတက်များပြားလာသည့် ရန်ကုန်မြို့၌ အရွယ်ကြီးမားသည့် အကောင်းဆုံး ဗိသုကာလက်ရာ ဘုရားကျောင်းအသစ်တစ်ကျောင်း တည်ဆောက်ရန် စီစဉ်ခဲ့သည်။ ထို့ကြောင့် စိန်ပေါလ်စာသင်ကျောင်း(ယခု အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်)၏ အနောက်ဘက်ရှိ ၁၅ ဧကကျယ်ဝန်းသည့် မြေကွက်ကို ဘုရားကျောင်းတည်ဆောက်ရန် အစိုးရထံလျှောက်ထားခဲ့သည်။

ဘုန်းကြီး ပေါလ်ဘီဂန်ဒက်သည် ကျောင်းမတည်ဆောက်နိုင်မီ ၁၈၉၄ ခုနှစ်တွင် ကွယ်လွန်ခဲ့သဖြင့် အလက်ဇန္ဒားကာဒေါ့က ဆက်ခံခဲ့ကာ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ စိန့်မေရီကက်သလစ်ဘုရားကျောင်းသည် ၁၀၇ မီတာရှည်လျား၍ ၂၄ ဒသမ ၃ မီတာမြင့်သည်။ ပင်မခန်းမဆောင်မျက်နှာကြက်သည် ၂၂ ဒသမ ၅ မီတာရှိကာ မျှော်စင်တိုင် တစ်ခုစီသည် ၇၄ မီတာစီမြင့်သည်။

တချို့က စိန့်မေရီကက်သလစ်ဘုရားကျောင်းအနီးရှိ စိန်ပေါလ်ကျောင်းကို အစွဲပြုလျက် စိန်ပေါလ်ဘုရားကျောင်းဟု ခေါ်ဆိုမှုများရှိသော်လည်း ဘုရားကျောင်းအမည်သည် စိန့်မေရီကက်သလစ်ဘုရားကျောင်းသာဖြစ်သည်။ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ရေကြောင်းအတိုင်း ရန်ကုန်မြို့သို့လာလျှင် တွံတေးတူးမြောင်းမှထွက်လာပြီး ရန်ကုန်မြို့ မြင်ကွင်းကို မြင်ရချိန်တွင် လှေသင်္ဘောများပေါ်မှမြင်ရသည့်မျှော်စင်ကြီးနှစ်ခုသည် စိန့်မေရီကက်သလစ်ဘုရားကျောင်းဖြစ်၍ ရန်ကုန်မြို့ပြအမွေအနှစ်တစ်ခုအဖြစ် ထင်ရှားကာ သက်တမ်း ၁၂၃ နှစ်ကျော်လွန်ခဲ့ပြီဖြစ်ပေသည်။

**ကိုးကား**

- **အင်းဝရောက်ခြေရာများ(ဖာသာ ကိုလေး၊ မုံလှ)**
- **ဆရာယုဒသန်(တင်နိုင်တိုး)**
- **မြို့ရန်ကုန်(မောင်မြတ်မွန်၊ ဆူးလေ)**

---

## ပုသိမ်မြို့၌ အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**ပုသိမ် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းနှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်တင်လဲ့လဲ့ထွန်းက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ပုသိမ်မြို့နယ်ရှိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ ကျွမ်းကျင်နည်းပြများက စားသောက်ကုန်ထုတ်လုပ်နည်းများကို ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က ပြောပြ၍ သိရသည်။

**သံသာ**

## ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ပြည်တွင်းကုမ္ပဏီ ၄၉ ခုမှ ပြည်ပသို့ ယခုနှစ် ဇန်နဝါရီလတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၆၀၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ပြည်တွင်းကုမ္ပဏီ ၄၉ ခုမှ ပြည်ပသို့ ယခုနှစ် ဇန်နဝါရီလတွင် ဆန်နှင့် ဆန်ကွဲတန်ချိန် ၂၆၀၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ယခုနှစ် ဇန်နဝါရီလတွင် ပြည်တွင်းကုမ္ပဏီ ၄၉ ခုက ဆန်နှင့် ဆန်ကွဲများကို တင်ပို့ရောင်းချပေးခဲ့ရာ ဆန်ကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၂၇ နိုင်ငံနှင့် ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၁၄ နိုင်ငံ စုစုပေါင်း ဆန်နှင့်ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၄၁ နိုင်ငံသို့တင်ပို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ဆန် ၁၇၁၈၁၁ တန်နှင့်ဆန်ကွဲ ၉၇၀၂၄ တန် စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ၂၆၈၈၃၅ တန်တင်ပို့ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဆန်နှင့်ဆန်ကွဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေး လမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ် ရေးလမ်းကြောင်းများက တင်ပို့ ရောင်းချပေးခဲ့ရာ ပင်လယ်ရေ ကြောင်း ကုန်သွယ်ရေးလမ်းကြောင်း က ဆန်နှင့်ဆန်ကွဲ ၂၂၂၄၁၄ တန် နှင့် နယ်စပ်ကုန်သွယ်ရေးလမ်း ကြောင်းများက ဆန်နှင့် ဆန်ကွဲ ၄၆၄၂၀ တန် စုစုပေါင်း ဆန်နှင့် ဆန်ကွဲ ၂၆၈၈၃၅ တန် တင်ပို့ ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလတွင် ပြည်တွင်း ကုမ္ပဏီများရှိ ဆန်နှင့်ဆန်ကွဲ များကို တင်ပို့ရောင်းချပေးခဲ့ရာတွင် ဆန်ကို တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ စပိန်နှင့် ဘယ်လ်ဂျီယမ် နိုင်ငံတို့က အများဆုံးဝယ်ယူခဲ့ပြီး ဆန်ကွဲကို တရုတ်၊ ဘယ်လ်ဂျီယံ၊ ယူနိုက်တက်ကင်းဒမ်း၊ နယ်သာလန် နှင့် စပိန်နိုင်ငံတို့က အများဆုံး ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၃၃၆)



## မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံပဲမျိုးစုံ ၁၄၂၈၆ ဧက စိုက်ပျိုးပြီးစီး

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ ခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံပဲမျိုးစုံ ၁၄၂၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော် လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင် သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံပဲမျိုးစုံ ၁၄၂၈၆ ဧက ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲဧက ၉၇၇၀၊ ပဲတီစိမ်း ၄၈၁၂ ဧက၊ ဗိုလ်ကိတ်ပဲ ၁၀၄ ဧက စုစုပေါင်း ပဲသီးနှံစုံ ၁၄၂၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဆောင်းသီးနှံပဲမျိုးစုံကို စုစုပေါင်း ၁၄၁၆၄ ဧက လျာထားစိုက်ပျိုး ခဲ့ပါတယ်။ လျာထားချက်ထက် ကျော်လွန်ပြီး ၁၂၂ ဧက ပိုမိုစိုက် ပျိုးနိုင်ခဲ့တယ်။ အခုနှစ် မတ်ပဲသီးနှံ တွေကို ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲသီးနှံတွေ ပိုးမွှား အန္တရာယ်ကင်းပါတယ်။ ဆောင်း သီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုး ဖို့ မစိုက်ခင်အချိန်ကနေ စိုက်ပျိုး ပြီးတဲ့အချိန်ထိ တောင်သူတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ ဒါကြောင့် လက်ရှိလျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့တာပါ"ဟု ဦးမောင်မောင်သွင်ကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံများ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုး ရာသီအမီရရှိစေရေး၊ စိုက်ပျိုးပြီး သီးနှံများ အထွက်နှုန်းတိုးတက် ကောင်းမွန်စေရေး၊ အရည်အသွေး ကောင်းပဲများ စနစ်တကျစိုက်ပျိုး ထုတ်လုပ်နိုင်ရေး စသည့်လုပ်ငန်း များကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ကိုယ်ချင်းစာ

\- သူငယ်ချင်း
ရှင်းရှင်းပြောမယ် နားထောင်ကွယ်လို့
နားလွယ်စကား ပြောကာထားမယ်
ရင်ကြားခိုဝင် အသိမင်စေ၊
စဉ်ကြားကာပင် သတိဝင်စေ။

\- ကိုယ့်အိမ်ထောင်စု တည်ထောင်ပြုကာ
ယုယပိုက်ထွေး အိမ်ရာရေးကို
ဖျက်ရေးပြုလာ ကြားဝင်ပါ၍
ယိမ်းကာယိုင်နွဲ့ အိမ်ရေးရွဲ့သော်
မင်းရဲ့စိတ်မှာ ဘယ်လိုပါလို့
ကိုယ့်မှာသိချင် စိတ်အစဉ်၊
ကိုယ်မကြိုက်ချင် စိတ်ဘဝင်။

\- မင်းစဉ်းစားဘိ တွေးကာကြည့်ပေါ့
ကိုယ်၏အိမ်ထောင် ပမာဆောင်လို့
ဖျက်ဆောင်သည်းသည်း အမိုက်ဇွဲဖြင့်
ပြည်လည်းနာကာ လုပ်ခဲ့ပါသော်
မင်းမှာစိတ်ထဲ ဘယ်လိုလဲဟု
ကိုယ်လည်းသိချင် စိတ်အစဉ်၊
ကိုယ်မကြိုက်ချင် စိတ်ဘဝင်။

\- ကဲ သူငယ်ချင်း
မင်းပဲခံစား ဖြစ်ပျက်များကို
စိတ်ထားကိုပြင် အသိဝင်လော့
သူပင်ခံစား ဒုက္ခများက
ကိုယ့်အားတစ်ဖန် ဝဋ်လည်မှန်မို့
စိတ်ယံမှာထင်း အသိလင်းကာ
စိတ်ရှင်းပါစေ အပါယ်ကင်း၊
ကိုယ်ချင်းစာပါ သူငယ်ချင်း။ ။

**ပြေအေးသက်**

## သံတောင်ကြီးမြို့နယ် ကလေခို(အထက်)ကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**သံတောင်ကြီး ဖေဖော်ဝါရီ ၇**

ကရင်ပြည်နယ် သံတောင်ကြီး ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် သံတောင် ကြီးမြို့နယ် ကလေခို(အထက်) ကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်း ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် သံတောင်ကြီးခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများသည် ကလေခို (အထက်)ကျေးရွာ၌ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ စိမ့်စမ်း ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ရေတားတမံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေး ကော်မတီဝင် များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ပြုပြင်ထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားသည်။

သံတောင်ကြီးမြို့နယ် ကလေခို (အထက်) ကျေးရွာ၌ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၂၄ သန်းဖြင့် စိမ့်စမ်းရေပိုက်လိုင်း အရှည် နှစ်မိုင် သွယ်တန်းခြင်းနှင့် အလျား ၁၈ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိသော ရေတားတမံ တည်ဆောက်ခြင်း လုပ်ငန်းများ ကို Integrated Mega Power ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်က စတင် ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ရာနှုန်း ပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီး မှူး ဦးဇော်မင်းဦးက ပြောပြ၍ သိရသည်။

**အထွေး**

## နိုင်ငံတကာ သတင်းများ

# ဂျပန်က ပိုင်နက်အငြင်းပွားကျွန်းစုအရေး ရုရှားနှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေ

**တိုကျို ဖေဖော်ဝါရီ ၇**

ဂျပန်အစိုးရအနေဖြင့် ရုရှားနိုင်ငံနှင့် ပိုင်နက်အငြင်းပွားနေသော ကူရိုင်းကျွန်းစုများအရေးနှင့် ပတ်သက်၍ ဖြေရှင်းရန်နှင့် ငြိမ်းချမ်းရေးသဘော တူညီချက်တစ်ရပ်ရရှိရန် ကြိုးပမ်းနေကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနှင့် ဂျပန်အစိုးရတို့သည် ၁၉၅၆ခုနှစ် ဆိုဗီယက်ပြည်ထောင်စု-ဂျပန် ပူးတွဲကြေညာချက်ကိုအခြေခံ၍ ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိနိုင်ရေးဆွေးနွေးမှုကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် ၂၀၁၈ ခုနှစ်တွင် သဘောတူခဲ့ပြီးဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက "ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးလို့ နှစ်ပေါင်း ၇၇ နှစ်ကြာသည့်တိုင်အောင် မြောက်ပိုင်းနယ်မြေများအရေးနဲ့ပတ်သက်လို့ မဖြေရှင်းနိုင်ခြင်း၊ ဂျပန်နဲ့ ရုရှားနိုင်ငံတို့ကြား ငြိမ်းချမ်းရေးသဘောတူညီချက်မရရှိခြင်းတို့အပေါ် နောင်တကြီးစွာရမိပါတယ်။ ဒီအတွက်ကြောင့် ဂျပန်အစိုးရအနေနဲ့အဲဒီအရေးကိုဖြေရှင်းပြီး ရုရှားနဲ့ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ်ရရှိစေဖို့ဆောင်ရွက်သွားမယ်လို့ ကတိပြုပါတယ်"ဟု ပြောကြားခဲ့သည်။

သို့သော် ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးနောက် ဂျပန်နိုင်ငံ၏ မိတ်ဆွေမဆန်သော အပြုအမူများကြောင့် အဆိုပါငြိမ်းချမ်းရေးသဘောတူညီချက်အတွက် ဆွေးနွေးမှုမှာ ရပ်တန့်နေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Ref; Sputnik

# လျှင်အင်သင့်ပြည်သူများအတွက် အကူအညီများ အစ္စရေးထံမှ ဆီးရီးယားနိုင်ငံတောင်းခံထား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၇**

ငလျင်ဒဏ် ခံစားထားရသည့် ဆီးရီးယားနိုင်ငံထံမှ အကူအညီတောင်းခံမှု မေတ္တာရပ်ခံချက်ကို အစ္စရေးနိုင်ငံက ရရှိထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆီးရီးယားနိုင်ငံသည် ငလျင်ဒဏ်သင့် ပြည်သူများအတွက် အကူအညီတောင်းခံမှုမေတ္တာရပ်ခံချက်ကို သံတမန်တစ်ဦးမှတစ်ဆင့် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ မိမိတို့အနေဖြင့် အကူအညီများပေးပို့ရန် ပြင်ဆင်ထားကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို မည်သည့်နိုင်ငံ၏ သံတမန်ကတစ်ဆင့် ပေးအပ်ခဲ့မှုနှင့် ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

မြေငလျင်ဒဏ်သင့် အကူအညီများကို ဆီးရီးယားတောင်းခံမှုနှင့် အကူအညီများပေးအပ်ရန် အစ္စရေးနိုင်ငံက ပြင်ဆင်နေမှုတို့သည် ရန်ဘက်အိမ်နီးချင်းနိုင်ငံနှစ်နိုင်ငံကြား ရှားရှားပါးပါးပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။

အစ္စရေးနှင့် ဆီးရီးယားနိုင်ငံတို့သည်စစ်ဖြစ်နေသည့် အခြေအနေမျိုးဖြင့် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ကြသော နိုင်ငံများဖြစ်ကြကြောင်း သိရသည်။ KKO



STOP COVID-19

# ဇာပိုရစ်ဇီယာ၌ အကာအကွယ်များ တပ်ဆင်မှုလုပ်ငန်းပြီးဆုံးတော့မည်ဟု ရုရှားပြောကြား



**မော်စကို ဖေဖော်ဝါရီ ၇**

ယူကရိန်းနိုင်ငံ တောင်ပိုင်း ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အရေးကြီးသောနေရာများအတွက် အကာအကွယ်များ တပ်ဆင်မှုလုပ်ငန်း အပြီးသတ်တော့မည်ဖြစ်ကြောင်း ရုရှားမီဒီယာများ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပ၏ အကြီးဆုံးနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည့် ဇာပိုရစ်ဇီယာကို ရုရှားတပ်များက ပြီးခဲ့သည့်နှစ် မတ်လအတွင်း ထိန်းချုပ်ခဲ့သည်။

အဆိုပါစက်ရုံသည် ရုရှားတပ်များနှင့် ယူကရိန်းတပ်များ တိုက်ခိုက်နေသော ရှေ့တန်းနယ်မြေများအနီးတည်ရှိပြီး လက်နက်ကြီးကျည်များ မကြာခဏကျရောက်ခဲ့သည်။

လက်ရှိအချိန်တွင် ဇာပိုရစ်ဇီယာ၏ အရေးကြီးသောအဆောက်အအုံများအတွက် ဒဏ်ခံအကာအကွယ်များ တပ်ဆင်တည်ဆောက်မှုလုပ်ငန်းမှာ ပြီးဆုံးတော့မည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အကာအကွယ်များ တပ်ဆင်ပေးထားသော ဇာပိုရစ်ဇီယာ အဆောက်အအုံများထဲတွင် ရေဒီယိုသတ္တိကြွဖြုပ်စင်များ သိုလှောင်ထားရှိရာနေရာလည်း ပါဝင်သည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)သည် ဇာပိုရစ်ဇီယာစက်ရုံဝန်းကျင်၌ လုံခြုံရေးနယ်မြေသတ်မှတ်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။ KKO

# စစ်ပွဲအတွက် စစ်ရေးအသင့်အနေအထားရှိမှုမြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် စီစဉ်

**ပြုံယမ်း ဖေဖော်ဝါရီ ၇**

မြောက်ကိုရီးယား လက်နက်ကိုင်တပ်များ၏ စစ်ပွဲအတွက် အသင့်အနေအထားရှိမှုကို မြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဖေဖော်ဝါရီ ၆ရက်တွင် ကျင်းပသည့် လက်ရှိအာဏာရ အလုပ်သမားပါတီ ဗဟိုစစ်ကော်မရှင်အစည်းအဝေးတွင်မြောက်ကိုရီးယားတပ်များ၏ စစ်ပွဲအတွက် အသင့်အနေအထားရှိမှုကို မြှင့်တင်ရန် ကတိပြုခဲ့ကြောင်း မြောက်ကိုရီးယား အစိုးရပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကင်ဂျုံအန်နှင့် အခြားထိပ်တန်းခေါင်းဆောင်များသည် ယခုနှစ်အတွင်း အကောင်အထည်ဖော်ရမည့်နိုင်ငံရေးနှင့် စစ်ရေးတာဝန်များအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း စစ်ရေးလေ့ကျင့်မှုများကို မြှင့်တင်ပြုလုပ်မည်ဖြစ်ကြောင်းလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဗဟိုစစ်ကော်မရှင်အစည်းအဝေး၌ ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် မြောက်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားတပ်မတော်ဖွဲ့စည်းမှု နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် စစ်ရေးပြချီတက်ပွဲကျင်းပရန် ပြင်ဆင်လျက်ရှိသည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ဒုံးကျည်စမ်းသပ်မှုများ စံချိန်တင်ပြုလုပ်ခဲ့ရာ ကိုရီးယား ကျွန်းဆွယ်ဒေသ၌ အခြေအနေများတင်းမာခဲ့ရကြောင်း သိရသည်။ KKO

# ယခင်ဝင်ရောက်ခဲ့သည့် မိုးပျံပူဖောင်းများကို ထောက်လှမ်းနိုင်မှုမရှိခဲ့ဟု အမေရိကန်စစ်ဘက်ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

ယခုနှစ် ဇန်နဝါရီ ၂၈ ရက်မတိုင်မီ အမေရိကန်လေပိုင်နက်အတွင်း ဝင်ရောက်ခဲ့သည့်သူလျှိုမိုးပျံပူဖောင်းများကို အမေရိကန်စစ်ဘက်က ထောက်လှမ်းတွေ့ရှိခြင်းမရှိခဲ့ကြောင်း အမေရိကန်စစ်ဘက် ထိပ်တန်းခေါင်းဆောင်တစ်ဦးက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားလိုက်သည်။

သူလျှိုမိုးပျံပူဖောင်းအဖြစ်ယူဆရသည့် တရုတ်မိုးပျံပူဖောင်းကို အမေရိကန်စစ်ဘက်က ပစ်ချခဲ့ပြီးနောက် အမေရိကန်စစ်ဘက် မြောက်အမေရိကလေကြောင်းရန်ကာကွယ်ရေးဌာနချုပ်အကြီးအကဲ လေတပ်ဗိုလ်ချုပ်ကြီးဂလန်ဗင်ဟားက အဆိုပါအတိုင်းဝန်ခံခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရီပတ်ဘလီကန်သမ္မတဟောင်း ဒေါ်နယ်ထရန့် လက်ထက်တွင်လည်း တရုတ်သူလျှိုမိုးပျံပူဖောင်းများ အမေရိကန် လေပိုင်နက်အတွင်းသို့ အနည်းဆုံး သုံးကြိမ်ဝင်ခဲ့ဖူးကြောင်း အမေရိကန် ကာကွယ်ရေး ဝန်ကြီးဌာန၏ အဆိုအရ သိရသည်။


ထို့ပြင် လက်ရှိသမ္မတ ဂျိုးဘိုင်ဒင်လက်ထက်တွင်လည်း တရုတ်သူလျှိုမိုးပျံပူဖောင်း ဝင်ရောက်ခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ ၄ ရက်တွင် ပစ်ချခဲ့သော နောက်ဆုံးဝင်ရောက်လာသည့် မိုးပျံပူဖောင်းမှာ အမြင့်ပေ ၂၀၀ ရှိပြီး တပ်ဆင်ထားသောပစ္စည်းကိရိယာများ၏အလေးချိန်မှာ ပေါင် ၂၀၀၀ထိ ရှိနိုင်ကြောင်း ဗိုလ်ချုပ်ကြီး ဂလန်ဗင်ဟားက ပြောကြားခဲ့သည်။

ယခင်ဝင်ရောက်ခဲ့သော တရုတ်မိုးပျံပူဖောင်းများကို ထောက်လှမ်းနိုင်မှုမရှိခဲ့ခြင်းသည် မိမိတို့အတွက် ဟာကွက်တစ်ခု ဖြစ်သည်ဟု ဗိုလ်ချုပ်ကြီး ဗင်ဟားက သုံးသပ်ခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းတည်ရှိမှုကို နိုင်ငံတကာသိပ္ပံပညာရှင်များက အတည်ပြုနိုင်ခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

K2-415b အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းတည်ရှိမှုကို နိုင်ငံတကာသိပ္ပံပညာရှင်များက အတည်ပြုနိုင်ခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၆ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၇၂ နှစ်မျှသာ ကွာဝေးသော ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တုအကူအညီဖြင့် K2-415b ဂြိုဟ်ကို ရှာဖွေအတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေနှင့်မတိမ်းမယိမ်းရှိပြီး ဒြပ်ထုအားဖြင့် ပိုများကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သည် မိခင်ကြယ်ကို တစ်ပတ် ပတ်မိရေးအတွက် ကမ္ဘာမြေရက်အားဖြင့် လေးရက်သာ ကြာမြင့်ကြောင်း သိရသည်။

သို့ရာတွင် K2-415 အမည်ရှိ အဆိုပါကြယ်မှာ နေထက်အဆပေါင်းများစွာ အေးမြသည်ဖြစ်ရာ K2-415b ဂြိုဟ်မှာ မိခင်ကြယ်နှင့် အနေနီးသော်လည်း သက်ရှိများ ရှင်သန်နိုင်မည့် အခြေအနေမျိုးရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ဂြိုဟ်သိမ်ငယ်တစ်စင်းကို မမျှော်လင့်ဘဲ ထောက်လှမ်းတွေ့ရှိခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ဂြိုဟ်သိမ်ငယ်တစ်စင်းကို မမျှော်လင့်ဘဲ ထောက်လှမ်း တွေ့ရှိခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၆ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ် ခါးပတ်ကွင်းနယ်မြေအတွင်းတည်ရှိပြီး အရွယ်အစားအားဖြင့် အချင်း ၃၂၈ ပေနှင့် ၆၅၆ ပေကြားတွင်ရှိကြောင်း ဂျာမနီနိုင်ငံ မက်စ်ပလန့်အင်စတီကျုမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သိမ်သည် ပင်မဂြိုဟ်သိမ် ခါးပတ်ကွင်းနယ်မြေအတွင်းရှိ အရွယ်အစားအသေးငယ်ဆုံး ဂြိုဟ်သိမ်များထဲတွင် ပါဝင်ပြီး ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိဖူးသမျှ အာကာသဒြပ်ထည်များအနက် အသေးငယ်ဆုံးဖြစ်ကြောင်း သိရသည်။



နာဆာ သိပ္ပံပညာရှင်များသည် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ MIRI အမည်ရှိ ကင်မရာစနစ်ကို ချိန်ညှိနေစဉ် အဆိုပါဂြိုဟ်သိမ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပင်မဂြိုဟ်သိမ် ခါးပတ်ကွင်းနယ်မြေအတွင်း၌ အချင်းတစ်ကီလိုမီတာအထက်ရှိ ဂြိုဟ်သိမ်ပေါင်း ၁ ဒသမ ၁ သန်းနှင့် ၁ ဒသမ ၉ သန်းကြားရှိပြီး ဂြိုဟ်သိမ်ငယ်များမှာလည်း သန်းနှင့်ချီ၍ ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားသည့် ဂြိုဟ်သိမ်ကို သိပ္ပံပညာရှင်များက အမည်မပေးရသေးကြောင်း သိရသည်။

KKO

## ကမ္ဘာမြေ၏အပြင်ကျောက်သားလွှာအောက်၌ တစ်စိတ်တစ်ပိုင်းအရည်ပျော်နေသော ကျောက်သားလွှာနယ်မြေတစ်ခုကို သိပ္ပံပညာရှင်များ တွေ့ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

ကမ္ဘာမြေ၏ အပြင်ကျောက်သားလွှာအောက်၌ တစ်စိတ်တစ်ပိုင်းအရည်ပျော်နေသော ကျောက်သားလွှာနယ်မြေတစ်ခုကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၆ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါအရည်ပျော် ကျောက်သားလွှာပြင်ဒေသသည် ကမ္ဘာ့အပြင် ကျောက်သားလွှာအောက်မိုင် ၁၀၀ ခန့်အကွာတွင် တည်ရှိနေကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အရည်ပျော် ကျောက်သားလွှာပြင်ဒေသသည် ကမ္ဘာ့အတွင်းကျောက်သားလွှာ အထက်ပိုင်းရှိ ကျောက်လွှာရှင်များ အောက်ခြေတွင်တည်ရှိသော အက်စ်သီနိုစဖီးယား ခေါ် ကြားခံနယ်၏အစိတ်အပိုင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အက်စ်သီနိုစဖီးယား ကျောက်သားလွှာနယ်မြေသည် အထိုက်အလျောက် ပျော့ပြောင်းမှုကြောင့် ကျောက်လွှာရှင်များ ရွေ့လျားရေးအတွက် အထောက်အကူပြုသည့် နယ်မြေဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါနယ်မြေအတွင်းရှိ အရည်ပျော်ကျောက်သားလွှာပြင်မှာ ကျောက်လွှာရှင်များလှုပ်ရှားမှုအပေါ် အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း သိရသည်။

အက်စ်သီနိုစဖီးယား ကျောက်လွှာနယ်မြေ ပျော့ပျောင်းနေရခြင်းအကြောင်းတရားကို သိပ္ပံပညာရှင်များအနေဖြင့် လေ့လာစူးစမ်းနေဆဲဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ညပိုင်းထိ ယာဉ်သွားယာဉ်လာဆူညံသံများရှိသည့်နေရာ၌ နေထိုင်သူများတွင် နားအူမှုပြဿနာပေါ်နိုင်ခြေမြင့်မား

**ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၇**

ညပိုင်းထိ ယာဉ်သွားယာဉ်လာ ဆူညံသံများရှိနေတတ်သည့် နေရာများ၌ နေထိုင်သူများတွင် နားအူမှုပြဿနာပေါ်လာနိုင်ခြေ မြင့်မားလာတတ်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၆ ရက်က ရေးသားတင်ပြထားသည်။

ဒိန်းမတ် သုတေသနပညာရှင်များ၏အဆိုအရ ယာဉ်သွားယာဉ်လာ ဆူညံသံများနှင့် နားအူမှုပြဿနာဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိကြောင်း သိရသည်။

ယာဉ်သွားယာဉ်လာ ဆူညံသံများ၏ အကျိုးဆက်အဖြစ် စိတ်ဖိအားတုံ့ပြန်မှု၊ အိပ်ရေးပျက်မှုများ အမြဲမပြတ်ရှိနေမှုသည် နားအူမှုပြဿနာ၏ အဓိကအကြောင်းတရားများဖြစ်နိုင်ကြောင်း ဒိန်းမတ် သုတေသန ပညာရှင်များက ပြောကြားသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် လူပေါင်း ၃ ဒသမ ၅ သန်းကျော်တို့၏ အချက်အလက်များကို လေ့လာစိစစ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လူတစ်ဦး၏ နေအိမ်တွင်းအသံဆူညံအား ၁၀ ဒက်ဆီဘယ်ပိုများလာတိုင်း နားအူမှုပြဿနာပေါ်လာနိုင်ခြေလည်း ခြောက်ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နားအူမှုပြဿနာကြောင့် လူတစ်ဦး၏ ပုံမှန်ဘဝလည်ပတ်မှု အရည်အသွေး ထိခိုက်သွားနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။ KKO

## ရိုးစင်းသည့်မျက်လုံးစစ်ဆေးမှုပုံစံတစ်မျိုးက လေဖြတ်နိုင်ခြေ ရှိ၊ မရှိ ကြိုတင်ဖော်ထုတ်ပေးနိုင်

**ကင်ဘာရာ ဖေဖော်ဝါရီ ၇**

ရိုးစင်းသည့်မျက်လုံးစစ်ဆေးမှုပုံစံတစ်မျိုးသည် လူနာတစ်ဦး၏ လေဖြတ်နိုင်ခြေ ရှိ၊ မရှိကိုအချိန်ကာလ နှစ်နှင့်ချီ၍ ကြိုတင်ဖော်ထုတ်ပေးနိုင်ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၆ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ မျက်လုံးစစ်ဆေးနည်းသည် မျက်ကြောလွှာအတွင်းရှိ သေးငယ်သော တစ်ရှူးများ၏ အပြောင်းအလဲကို ရှာဖွေစစ်ဆေးပေးခြင်းဖြင့် လေဖြတ်နိုင်ခြေကို ကြိုတင် ဖော်ထုတ်ပေးနိုင်ကြောင်း ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။


မျက်ကြောလွှာ၏ ဇီဝသက်တမ်းသည် လူနာ၏အသက်ထက်ပို၍ အိုမင်းပါက ၎င်းလူနာ၌ လေဖြတ်နိုင်ခြေ လာမည့်ခြောက်နှစ်အတွင်း ပုံမှန်ထက်နှစ်ဆမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လက်တွေ့ စမ်းသပ်မှုများအရ ဩစတြေးလျ သုတေသနပညာရှင်များ၏ မျက်လုံးစစ်ဆေးနည်းသည် မျက်ကြောလွှာတစ်လွှာ အပြောင်းအလဲများကိုစိစစ်၍ မျက်ကြောလွှာ သက်တမ်း ကွာဟမှုကိုဖော်ထုတ်ခြင်းဖြင့် လေဖြတ်နိုင်ခြေ ရှိ၊ မရှိကို ခန့်မှန်းပေးနိုင်ခဲ့သည်။

လေဖြတ်နိုင်ခြေ ရှိ၊ မရှိကို ကြိုတင်ဖော်ထုတ်နိုင်ခဲ့ပါက ရောဂါနောက်ခံအကြောင်းတရားများကို ထိန်းချုပ်ပေးခြင်းဖြင့် လေဖြတ်နိုင်ခြေကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သွေးတိုးခြင်း၊ သွေးအတွင်းကိုလက်စထရောပါဝင်မှု မြင့်မားခြင်းနှင့် ဆီးချိုရောဂါတို့သည် လေဖြတ်ရခြင်း၏ နောက်ခံအကြောင်းတရားများဖြစ်ကြောင်း သိရသည်။

KKO



နိုင်ငံတကာ
**အားကစားသတင်းများ**

# မန်ယူအသင်းနှင့်ပွဲစဉ်ကို ယာယီနည်းပြအဖြစ် အာမက်တာဝန်ယူမည်ဟု လိဒ်အသင်းကြေညာ



**မက်ဒရစ် ဖေဖော်ဝါရီ ၇**

လိဒ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြဂျက်ဆီမက်ချ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ယာယီနည်းပြအဖြစ် ခရစ်အာမက်ကို ခန့်အပ်ခဲ့ကာ မန်ယူအသင်းနှင့်ကစားမည့်ပွဲစဉ်ကို စတင်တာဝန်ယူကိုင်တွယ်မည်ဟုကြေညာခဲ့ကြောင်း 90Min.com က ယနေ့တွင်ဖော်ပြခဲ့သည်။

နည်းပြ ဂျက်ဆီမက်ချ်သည် အသင်းကို တာဝန်ယူခဲ့သည့် နောက်ဆုံး ပရီးမီးယားလိဂ် ၁၇ ပွဲ၌ နှစ်ပွဲသာအနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သဖြင့် ပြီးခဲ့သည့် နော်တင်ဟမ်အသင်းနှင့် အဝေးကွင်းပွဲစဉ်၌ တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဂျက်ဆီမက်ချ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး လက်ထောက်နည်းပြအာမက်ကို မန်ယူအသင်းနှင့်ပွဲစဉ်တွင် ကိုင်တွယ်ရန် ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့သည်။

လိဒ်အသင်း ဘုတ်အဖွဲ့က "အသင်းအနေနဲ့ ရလဒ်ပိုင်းဆက်တိုက်ဆိုးရွားခဲ့တာကြောင့် နည်းပြဂျက်ဆီမက်ချ်နဲ့ လမ်းခွဲလိုက်တာပါ။ လက်ရှိမှာတော့ နည်းပြအဖွဲ့ဝင်တွေဖြစ်တဲ့ စကူဘာလာ၊ ဂယ်လာဒို၊ အာမက်တို့က အသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်ကို တာဝန်ယူသွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဖေဖော်ဝါရီ ၉ ရက်မှာကစားမဲ့ မန်ယူအသင်းနဲ့ပွဲစဉ်ကိုတော့ လက်ထောက်နည်းပြအာမက်က တာဝန်ယူကြီးကြပ်သွားမှာပါ"ဟု ကြေညာခဲ့သည်။

လက်ရှိတွင် လိဒ်အသင်းသည် နည်းပြ ဂျက်ဆီမက်ချ်နေရာတွင် ချန်ပီယံရှစ်ကလပ် ဝက်စ်ဘရွန်းအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ထားနိုင်သည့် နည်းပြ ကော်ဘာရန်ကိုခန့်အပ်နိုင်ရန်ကြိုးပမ်းနေသော်လည်း လာမည့်တနင်္ဂနွေနေ့မှသာ နှစ်ဖက်အသင်းတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမည်ဖြစ်သောကြောင့် မန်ယူအသင်းနှင့်ပွဲစဉ်ကို အာမက်ကသာ ယာယီနည်းပြအဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ML

# ကမ္ဘာ့ကလပ်ချန်ပီယံဖလားပွဲစဉ်ကို ဘင်ဇီးမားနှင့် ကော့တွိုက်တို့ လွဲချော်မည်

**မက်ဒရစ် ဖေဖော်ဝါရီ ၇**

လာမည့် ဖေဖော်ဝါရီ ၉ ရက်တွင်ကစားရမည့် ကမ္ဘာ့ကလပ်ချန်ပီယံဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အယ်အာလီအသင်းနှင့်ပွဲစဉ်ကို တိုက်စစ်မှူး ဘင်ဇီးမားနှင့် ဂိုးသမား ကော့တွိုက်တို့လွဲချော်မည်ဟု ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်း Fot-mob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘင်ဇီးမားသည် ဖေဖော်ဝါရီ ၃ ရက်က ကစားခဲ့သည့် ဗလင်စီယာအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင်ရရှိခဲ့သည့် ခြေထောက်ဒဏ်ရာကြောင့်လွဲချော်မည်ဖြစ်ပြီး ဂိုးသမား ကော့တွိုက်သည် ဖေဖော်ဝါရီ ၅ ရက်က မာယော့ကာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင်ရရှိခဲ့သည့် ပေါင်ခြံဒဏ်ရာကြောင့် ကမ္ဘာ့ကလပ်ချန်ပီယံဖလားပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

သို့သော် အဆိုပါကစားသမားနှစ်ဦးသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ မော်ရိုကိုနိုင်ငံသို့ လိုက်ပါသွားပြီး အယ်အာလီအသင်းကို အနိုင်ရခဲ့ပါက ဗိုလ်လုပွဲစဉ်တွင် ပါဝင်နိုင်မည်ဖြစ်သော်လည်း ခံစစ်ကစားသမားများဖြစ်သည့် မီလီတာအို၊ ဗက်စကွက်ဇ်၊ ဖာလန်းမန်ဒီနှင့် ကွင်းလယ်ကစားသမားဟာဇက်တို့သည် ဒဏ်ရာပြဿနာများကြောင့် ယခုခရီးစဉ်တွင် လိုက်ပါခဲ့ခြင်းမရှိကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် အီဂျစ်ကလပ် အယ်အာလီအသင်းကို အနိုင်ရခဲ့ပါက အခြားဆီမီးဖိုင်နယ်ပွဲစဉ်မှ ဘရာဇီးကလပ်ဖလာမင်ဂိုနှင့် ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းတို့ ပွဲစဉ်မှ အနိုင်ရသည့် အသင်းနှင့် ဗိုလ်လုပွဲကစားရမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ML



# ဟော်ဖန်ဟိမ်းအသင်းက ရလဒ်များဆိုးရွားနေသည့်အတွက် နည်းပြ ဘရိုက်တန်ရိုက်တာကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**ဘာလင် ဖေဖော်ဝါရီ ၇**

ဟော်ဖန်ဟိမ်း အသင်းသည် နောက်ဆုံး ၁၀ ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေသည့် နည်းပြ ဘရိုက်တန်ရိုက်တာကို ရာထူးမှ ထုတ်ပယ်ခဲ့သည်ဟု ကြေညာခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဟော်ဖန်ဟိမ်း အသင်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၃ ပွဲတွင် ရမှတ် ခုနစ်မှတ်သာရရှိခဲ့ကာ တန်းဆင်းဇုန်မှ စတုတ္ထအသင်းနှင့် ရမှတ် သုံးမှတ်သာကွာဟနေပြီး တန်းဆင်းဇုန်အန္တရာယ်နှင့်ကြုံတွေ့နေသောကြောင့် ရလဒ်ပိုင်းဆိုးရွားလာသည့် နည်းပြ ဘရိုက်တန်ရိုက်တာနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

အသက် ၄၉ နှစ်ရှိ နည်းပြ ဘရိုက်တန်ရိုက်တာသည် ၂၀၂၂ ခုနှစ် မတ်လက ဟော်ဖန်ဟိမ်းအသင်းကို စတင်တာဝန်ယူခဲ့ပြီးနောက် အသင်းကို ပြိုင်ပွဲစုံ ၂၂ ပွဲဆက်ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးပြိုင်ပွဲ ၁၉ ပွဲကစားခဲ့ရာ ငါးပွဲသာ အနိုင်ရရှိခဲ့သောကြောင့် ရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ဟော်ဖန်ဟိမ်းအသင်း အားကစားဒါရိုက်တာ အလက်ဇန္ဒားရိုဆန်က "နည်းပြ ဘရိုက်တန်ရိုက်တာက အသင်းကို ရလဒ်ကောင်းတွေရရှိအောင်စွမ်းဆောင်ပြီး အောင်မြင်မှုတွေ ရယူပေးခဲ့သူပါ။ သူက ဟန်နိုဗာအသင်းနဲ့ ရှော်လ်ကေးအသင်းတို့ကို တာဝန်ယူခဲ့စဉ်ကလဲ ရလဒ်ကောင်းတွေ ရယူပေးနိုင်ခဲ့ပါတယ်။ အခုချိန်မှာတော့ အသင်းအနေနဲ့ ရလဒ်ပိုင်းဆိုးရွားလာတာကြောင့် လမ်းခွဲလိုက်ပေမဲ့ သူ့ရဲ့ကြိုးစားမှုတွေကိုတော့ အသိအမှတ်ပြုပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# အန်တိုနီဂျိုရှာနှင့် ဖရန်ကလင်တို့ ထိုးသတ်ရန် သဘောတူညီမှုရရှိခဲ့ပြီး ဧပြီ ၁ ရက်၌ လန်ဒန်မြို့တွင် ထိုးသတ်သွားမည်

**လန်ဒန် ဖေဖော်ဝါရီ ၇**

WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း အန်တိုနီဂျိုရှာသည် ဧပြီ ၁ ရက်တွင် အမေရိကန်ဟဲဗီးဝိတ်တန်းလက်ဝှေ့သမား ဖရန်ကလင်နှင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ထိုးသတ်မည်ဖြစ်ကြောင်း Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

WBA(Super)၊ IBF၊ WBO၊IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်များကို နှစ်ကြိမ်ရရှိခဲ့ဖူးသည့် အန်တိုနီဂျိုရှာသည် ယူကရိန်းလက်ဝှေ့သမား အလက်ဇန္ဒားအူဆက်ခ်ကို နှစ်ကြိမ်ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံခါးပတ်များလက်လွတ်ခဲ့ရသည့်အတွက် အလက်ဇန္ဒားအူဆက်ခ်ကိုပြန်လည်စိန်ခေါ်နိုင်ရေးအတွက် ဖရန်ကလင်နှင့်ထိုးသတ်ရန် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ရာမှ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အန်တိုနီဂျိုရှာက "ဧပြီ ၁ ရက်မှာ ကြိုးဝိုင်းထဲကို ပြန်ဝင်ပါမယ်။ ခက်ခဲတဲ့အခြေအနေတွေနဲ့ရင်ဆိုင်နေရတာကို ကျော်ဖြတ်နိုင်ဖို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဖရန်ကလင်က ကျွန်တော့်အတွက် ပြိုင်ဘက်ကောင်းတစ်ဦးပါ။ အဓိကကတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာအဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာကတော့ အဓိကကျပါတယ်။အရှုံးတွေနဲ့ရင်ဆိုင်ခဲ့ရပြီးတဲ့နောက် စိတ်ဓာတ်ပိုင်းကျဆင်းလာပါတယ်။ နိုင်ပွဲပြန်ရှာတွေ့နိုင်ဖို့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာအကောင်းဆုံးအခြေအနေမှာရှိနေဖို့လိုအပ်ပါတယ်။ DAZN ကုမ္ပဏီနဲ့ စာချုပ်ချုပ်ဆိုပြီးတော့ ပွဲဦးထွက်ထိုးသတ်သွားမဲ့ စိန်ခေါ်ပွဲလဲဖြစ်ပါတယ်။ DAZN ကုမ္ပဏီနဲ့ ငါးနှစ်သက်တမ်းစာချုပ် ချုပ်ဆိုထားပါတယ်။ ဒီပွဲစဉ်ဟာကုမ္ပဏီနဲ့ စာချုပ်ချုပ်ဆိုပြီး ပွဲဦးထွက် ထိုးသတ်မဲ့ စိန်ခေါ်ပွဲပါ။ ပွဲဦးထွက်ကို ရလဒ်ကောင်းနဲ့စတင်ချင်တယ်။ အနိုင်ထိုးသတ်ဖို့ အဆင်သင့်ဖြစ်နေပါပြီ"ဟု ပြောကြားခဲ့သည်။



အန်တိုနီဂျိုရှာသည် DAZN ကုမ္ပဏီနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုထားပြီး ပြီးနောက် ပထမဆုံးစိန်ခေါ်ပွဲ ထိုးသတ်မည်ဖြစ်ပြီး ရှုံးပွဲများဆက်တိုက် ရင်ဆိုင်နေရသည့်အတွက် နိုင်ပွဲပြန်လည်ရရှိရန် အကောင်းဆုံး ပြင်ဆင်လေ့ကျင့်ပြီး ဖရန်ကလင်နှင့်ပွဲစဉ်၌ နိုင်ပွဲရရှိရန် မျှော်လင့်နေကြောင်း သိရသည်။

AZL

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေသည့် ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားက လာမည့်နွေရာသီအပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်း တိုက်စစ်မှူးဟောင်း ရော်နယ်ဒင်ဟို၏သား ဂျာအိုမန်ဒက် ဘာစီလိုနာလူငယ်အကယ်ဒမီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ပီအက်စ်ဗွီအသင်းအနေဖြင့် အသင်းမှထွက်ခွာရန်ပြင်ဆင်နေသည့် တောင်ပံကစားသမား ဆိုင်မွန်ကို ကာလရှည်စာချုပ်ချုပ်ဆိုရန်သဘောတူညီမှုရရှိခဲ့ကြောင်း နည်းပြ နစ္စတယ်ရွိုင်းက ပြောကြားခဲ့သည်။
- ဂလာတာစာရေးအသင်းက ရှီးမားအသင်းကွင်းလယ်ကစားသမား ဇန်နီအိုလိုကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ဖြင့် ခေါ်ယူပြီး ၂၀၂၇ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ML

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# တူရကီ၌ မြေငလျင်ကြောင့် အပျက်အစီးများပြားခဲ့သည့်အတွက် စူပါလိဂ်ပြိုင်ပွဲမှ ပွဲစဉ်အချို့ကို ရွှေ့ဆိုင်းခဲ့ရ



**အန္တတန်ဘူလ် ဖေဖော်ဝါရီ ၇**

တူရကီနိုင်ငံတွင် ဖေဖော်ဝါရီ ၆ရက် နံနက်အစောပိုင်းက အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့ပြီး အပျက်အစီးအများအပြားရှိခဲ့သည့်အတွက် တူရကီစူပါလိဂ်ပြိုင်ပွဲမှ ပွဲစဉ်အချို့ကိုရွှေ့ဆိုင်းခဲ့ရသည်ဟု Sports Mole က ဖော်ပြခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံတွင် ၇ ဒသမ ၆ ရစ်ချ်တာစကေးအဆင့်ရှိ အင်အားပြင်း မြေငလျင်လှုပ်ခတ်ခဲ့သည့်အတွက် လက်ရှိအချိန်ထိ လူပေါင်း ၁၅၀၀ ကျော်သေဆုံးပြီး အများအပြားဒဏ်ရာများရရှိခဲ့ကာ သေဆုံးသူများနှင့် ပျောက်ဆုံးနေသူများတွင် တူရကီစူပါလိဂ်ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများနှင့် တာဝန်ရှိသူများလည်း ပါဝင်နေသည့်အတွက် ဖေဖော်ဝါရီ ၆ ရက်တွင်ကစားမည့် တူရကီစူပါလိဂ်ပြိုင်ပွဲမှ ပွဲစဉ်အချို့ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

မြေငလျင်ကြောင့် သေဆုံးသူများတွင် တူရကီစူပါလိဂ်ကလပ် မာလာတာစပေါ်အသင်း ဂိုးသမားတာကက်လန်သည် အဆောက်အအုံအပျက်များ အောက်တွင် သေဆုံးခဲ့ပြီး ဟာတာယာစပေါ်လ်အသင်းမှ အဓိက ကစားသမား အက်စတူကိုလည်း ထိခိုက်ဒဏ်ရာများဖြင့် အဆောက်အအုံအောက်မှ ပြန်လည်ကယ်ဆယ်နိုင်ခဲ့သည်။

ထို့ပြင် ပြိုင်ပွဲဝင်အသင်းအချို့မှကစားသမားများနှင့် တာဝန်ရှိသူများကိုလည်း လက်ရှိအချိန်ထိ ရှာဖွေတွေ့ရှိခြင်း မရှိသေးဘဲ ကယ်ဆယ်ရှာဖွေမှုများ ပြုလုပ်နေခဲ့ရသည့်အတွက် တူရကီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖေဖော်ဝါရီ ၆ရက်တွင်ကစားရမည့် တူရကီစူပါလိဂ်ပြိုင်ပွဲမှ ပွဲစဉ်အချို့ကို ရွှေ့ဆိုင်းရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တူရကီစူပါလိဂ်ပြိုင်ပွဲပွဲစဉ်များမှ မြေငလျင်ကြောင့် ကွန်ယာစပေါ်အသင်းနှင့် ဂျီဆန်စပေါ်အသင်း၊ ဒီမီစပေါ်အသင်းနှင့် ဟာတာယာစပေါ်အသင်း၊ ကေဆာရီစပေါ်အသင်းနှင့် ဗီနာဘာချီအသင်းတို့ ပွဲစဉ်များကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

STA

# AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ချန်ပီယံဆု ဂျက်စတင်ရို့စ်ဆွတ်ခူး

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပသည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဂျက်စတင်ရို့စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျှော့ရိုက်ကာချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း Skysportsသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဘရန်ဒန်ဝူနှင့်ဘရန်ဒန်တော့ဒ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျှော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာ၌ပူးတွဲရပ်တည်ခဲ့သည်။

ဂျက်စတင်ရို့စ်သည် ပထမနေ့နှင့် ဒုတိယနေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း တတိယနေ့နှင့် နောက်ဆုံးနေ့တို့၌ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂျက်စတင်ရို့စ်က "AT & T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲက ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းမှာ ပါပါတယ်။အရင်ကလဲ ကျွန်တော့်အတွက် အမှတ်တရကောင်းတွေ အများကြီးရှိခဲ့ဖူးတယ်။ ကျွန်တော့်အနေနဲ့ ရလဒ်ပိုင်းဆိုးရွားနေတဲ့အတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကျဆင်းခဲ့ရတယ်။ကမ္ဘာ့အဆင့်(၅၀) အတွင်း ပြန်လည်ဝင်ရောက်နိုင်ဖို့ ဒီပြိုင်ပွဲက အများကြီးကူညီပေးနိုင်ပါတယ်။ မတ်လမှာ ကမ္ဘာ့အဆင့်(၅၀)အတွင်းဝင်ရောက်နိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ အောင်မြင်မှုတွေနဲ့ ဝေးကွာနေတဲ့အချိန်မှာ ဆုဖလားတစ်လုံးပြန်ပြီး ဆွတ်ခူးနိုင်ခဲ့တာက စိတ်ဓာတ်ပိုင်းဆိုင်ရာကို အများကြီးအထောက်အကူဖြစ်စေပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုနှစ် AT & T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲသည် မိုးလေဝသအခြေအနေကြောင့် တတိယနေ့တွင် တစ်ကြိမ်၊ နောက်ဆုံးနေ့တွင် တစ်ကြိမ် ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

AZL




# အယ်အေဂလက်ဆီအသင်းက ချဲလ်ဆီးအသင်းမှ တိုက်စစ်ကစားသမား အူဘာမီယန်းကို ခေါ်ယူရန်ချိတ်ဆက်နေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

မေဂျာလိဂ်ကလပ် အယ်အေဂလက်ဆီအသင်းက ချဲလ်ဆီးအသင်းတွင်ပွဲထွက်ခွင့်မရရှိဘဲ ရုန်းကန်နေရသည့် တိုက်စစ်ကစားသမား အူဘာမီယန်းကို ခေါ်ယူရန်အတွက် ချိတ်ဆက်လျက်ရှိနေသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ အူဘာမီယန်းသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလက ဘာစီလိုနာအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး လက်ရှိနည်းပြ ဂရာဟမ်ပေါ်တာလက်အောက်တွင် ပွဲထွက်ခွင့်မရရှိခဲ့သည့်အတွက် အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အူဘာမီယန်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ရွေးထွက်အဆင့်အတွက် ကစားသမား စာရင်းတင်သွင်းခဲ့ရာတွင် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလက အသစ်ခေါ်ယူထားသည့် ကစားသမားကိုထည့်သွင်းခဲ့ပြီး ၎င်းကို ချန်ပီယံလိဂ်စာရင်းမှ ချန်လှပ်ခဲ့သည့်အတွက် အူဘာမီယန်းက အသင်းပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဥရောပတွင်အပြောင်းအရွှေ့ကာလ ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း မေဂျာလိဂ်ပြိုင်ပွဲ၏အပြောင်းအရွှေ့ကာလမှာယခုလမှသာစတင်ခဲ့သည့်အတွက် အူဘာမီယန်းကို ခေါ်ယူခွင့် ရရှိနေသောကြောင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

အယ်အေဂလက်ဆီအသင်းက အသင်းမှ ဂါရက်ဘေးလ်ထွက်ခွာခဲ့သည့်အတွက် ၎င်း၏နေရာတွင် အစားထိုးရန် ကစားသမားတစ်ဦး ရှာဖွေနေသောကြောင့် ယခုအခါ အူဘာမီယန်းကို ဦးစားပေးပစ်မှတ်အဖြစ်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

STA

# Davis Cup Finals တင်းနစ်ပြိုင်ပွဲတွင် ဂရိတ်ဗြိတိန်အသင်း ယှဉ်ပြိုင်ခွင့်ရရှိ

**လန်ဒန် ဖေဖော်ဝါရီ ၇**

Davis Cup Finals တင်းနစ်ပြိုင်ပွဲ လက်ရည်စစ်ပွဲစဉ်အဖြစ် ဂရိတ်ဗြိတိန်အသင်းနှင့်ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂရိတ်ဗြိတိန်အသင်းက (၃-၁) ရလဒ်ဖြင့်အနိုင်ရရှိပြီး လက်ရည်စစ်ပွဲအဆင့်ကိုကျော်ဖြတ်နိုင်ခဲ့ကြောင်း TM သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်ဦးချင်းပွဲစဉ်အဖြစ် ဂရိတ်ဗြိတိန်အသင်းမှ ဒန်နီရယ်အီဗန်နှင့် ကိုလံဘီယာအသင်းမှ မီဂျိုယာတို့ ကစားခဲ့ရာ မီဂျိုယာက (၆-၂၊ ၂-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကိုလံဘီယာအသင်းက (၁-၀) ရလဒ်ဖြင့် ဦးဆောင်ခွင့်ရသော်လည်း တစ်ဦးချင်းဒုတိယပွဲစဉ်အဖြစ် ဂရိတ်ဗြိတိန်အသင်းမှ ကင်မရွန်းနော်ရီနှင့် ကိုလံဘီယာအသင်းမှ ဘာရင်တော့စ်တို့ကစားခဲ့ရာ ကင်မရွန်းနော်ရီက (၆-၂၊ ၇-၅)ရလဒ်ဖြင့် အနိုင်ရရှိကာ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

တတိယမြောက် ပွဲစဉ်အဖြစ် နှစ်ယောက်တွဲပွဲစဉ် ဆက်လက်ကစားခဲ့ရာ ဂရိတ်ဗြိတိန်အသင်းမှ ဒန်နီရယ်အီဗန်နှင့် စကပ်စကီတို့အတွဲက ကိုလံဘီယာအသင်းမှ ဂျူအန်ဆီဘက်စတီယန်နှင့် ရောဘတ်ဖာရာဟ်တို့အတွဲကို (၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး တတိယမြောက် တစ်ဦးချင်းပွဲစဉ်အဖြစ်ဆက်လက်ကစားခဲ့ရာ ဂရိတ်ဗြိတိန်အသင်းမှ ကင်မရွန်းနော်ရီက ကိုလံဘီယာအသင်းမှ မီဂျိုယာကို (၆-၄၊ ၆-၄) ရလဒ်ဖြင့်ထပ်မံအနိုင်ရရှိပြီး ဂရိတ်ဗြိတိန်အသင်းက လက်ရည်စစ်ပွဲအဆင့်ကိုအောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီး Davis Cup Finals တင်းနစ်ပြိုင်ပွဲ ဝင်ရောက်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

AZL

# မန်ယူအသင်းက ခံစစ်ကစားသမား ဒါလော့ကို ကာလရှည်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ စတင်ပြုလုပ်



**မန်ချက်စတာ ဖေဖော်ဝါရီ ၇**

မန်ယူအသင်းက အသင်းမှ အဓိက တောင်ပံခံစစ်ကစားသမား ဒါလော့ကိုကာလရှည်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများ စတင်ပြုလုပ်လျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ဒါလော့သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ပေါ်တိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အစောပိုင်းနှစ်များက မန်ယူအသင်း၌ ပွဲထွက်ခွင့်မရရှိခဲ့ဘဲ ရုန်းကန်ခဲ့ရသည့်အတွက် ၂၀၂၀ ပြည့်နှစ်က အေစီမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဒါလော့သည် အေစီမီလန်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် တစ်ရာသီအပြီး၌ မန်ယူအသင်းက ပြန်လည်ခေါ်ယူခဲ့ပြီး လက်ရှိနည်းပြတန်ဟတ်လက်ထက်တွင်လည်း အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့ကာ ခြေစွမ်းပြကစားနေသူဖြစ်သည်။

မန်ယူအသင်းနှင့် ဒါလော့တို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် မန်ယူအသင်းက အဓိက ကစားသမားတစ်ဦးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသည့်အတွက် လက်ရှိတွင် ကာလရှည်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ စတင်ပြုလုပ်နေခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ဒါလော့သည် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းအပါအဝင် ဥရောပထိပ်တန်းအသင်းကြီးများက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စောင့်ကြည့်နေသောကြောင့် မန်ယူအသင်းက ဒါလော့ကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေပြီး ဒါလော့အပြင် ဒီဂီယာ၊ ရက်ရှ်ဖို့ဒ်၊ လုရှော်နှင့် ဖရက်ဒ်တို့ကိုလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းနေကြောင်း သိရသည်။

STA

# စိန်ခေါ်မှုနှင့်အခွင့်အလမ်းများစောင့်ကြိုနေသော ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနိုင်ငံ

မကြာသေးမီက ခန့်မှန်းတွက်ချက်မှုများအရ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံကို ကျော်တက်ကာ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။ ကုလသမဂ္ဂခန့်မှန်းချက်များကိုအခြေခံထားသော ဘလွန်းဘတ်အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်နှစ်ကုန်ပိုင်း၌ အိန္ဒိယ၏လူဦးရေသည် ၁ ဒသမ ၄၁၇ ဘီလီယံရှိလာပြီးဖြစ်ကြောင်း၊ တရုတ်အမျိုးသားစာရင်းအင်းဗဟိုဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၎င်း၏လူဦးရေသည် ၁ ဒသမ ၄၁၂ ဘီလီယံအောက်တွင်သာရှိကြောင်း ဖော်ပြထားသဖြင့် လက်ရှိအချိန်တွင် အိန္ဒိယ၏လူဦးရေသည် တရုတ်လူဦးရေထက် ငါးသန်းကျော်လာပြီဖြစ်သည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံထက် လူဦးရေကျော်လွန်လာပြီဆိုသောအချက်မှာ အသေအချာပင်ဖြစ်သည်။ အမှန်တော့ အိန္ဒိယသည် တရုတ်ထက် လူဦးရေကျော်လွန်လာသည်မှာ လွန်ခဲ့သောနှစ်အတွင်းကပင် ဖြစ်နိုင်ပေသည်။ အိန္ဒိယနိုင်ငံ၌ လူဦးရေစာရင်း မကောက်ဖြစ်သည်မှာ ကာလအတန်ကြာနေပြီဖြစ်သည်။ သာဓကအနေဖြင့် အိန္ဒိယနိုင်ငံ၏ နောက်ဆုံးသန်းခေါင်စာရင်းကောက်မှုကို ၂၀၁၁ ခုနှစ်တွင်လုပ်ဆောင်ခဲ့ပြီး ၂၇ ဒသမ ၈၅ သန်းခန့် ကောက်ယူရန်ပျက်ကွက်ခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် လူဦးရေကျဆင်းလာသည်မှာကာလအတန်ကြာနေပြီဖြစ်သည်။ တရုတ်တာဝန်ရှိသူများနှင့် ကုလသမဂ္ဂတို့မှစီမံကိန်းများ မဆောင်ရွက်သေးမီ လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက တရုတ်နိုင်ငံ၏ လူဦးရေသည် ကျဆင်းလာခဲ့ရာ အမှန်တကယ်မွေးဖွားသေဆုံးနှုန်းမှာ ခန့်မှန်းတွက်ချက်ရန် ခက်ခဲနေသည်။

အိန္ဒိယသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအဖြစ် ရပ်တည်လာသည်မှာ အံ့သြဖွယ်ရာဖြစ်စဉ်တော့ မဟုတ်ပေ။ တောင်အာရှဒေသသည် လွန်ခဲ့သော ၁၂ နှစ်ခန့်က တရုတ်နိုင်ငံထက်ကျော်လွန်ကာ လူဦးရေ ၁ ဒသမ ၈ ဘီလီယံခန့်ရှိခဲ့သည်။ ဗြိတိသျှကိုလိုနီတို့အနေဖြင့် အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကို သုံးနိုင်ငံခွဲခြမ်းခဲ့ခြင်းမရှိလျှင် အိန္ဒိယနိုင်ငံ၏ လူဦးရေသည် တရုတ်နိုင်ငံကိုကျော်လွန်နေပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၏လူဦးရေသည် တရုတ်နိုင်ငံကို ကျော်လွန်ရသည့်အကြောင်းရင်း နှစ်ရပ်ရှိနေသည်။ ပထမအချက်မှာ အိန္ဒိယသည်သမိုင်းကြောင်းအရ လူဦးရေများပြားလျက်ရှိသည်။ အထူးသဖြင့် မြောက်ပိုင်းမြေပြန့်လွင်ပြင်များတွင် မွေးဖွားမှုနှုန်းမြင့်တက်လျက်ရှိသည်။ အဆိုပါဒေသများတွင် ရာသီဥတုမျှတသောကြောင့် ဂျုံ၊ ဆန်စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးနိုင်ပြီး ကမ္ဘာ့အခြားဒေသများထက် စားနပ်ရိက္ခာပိုမိုထုတ်လုပ်နိုင်စွမ်းရှိသည်။ ဒုတိယအချက်မှာ အိန္ဒိယသည် ပညာတတ်အသိုက်အဝန်း နည်းပါးခြင်း၊ အထူးသဖြင့် အမျိုးသမီးများသည် ပညာရေးနိမ့်ပါးသဖြင့် မွေးဖွားမှုနှုန်း မြင့်တက်လျက်ရှိသည်။

သို့သော် လက်ရှိအချိန်တွင် အိန္ဒိယသည် အမျိုးသမီးတစ်ဦးလျှင် ကလေးနှစ်ဦးသာယူရန် ပညာပေးဆောင်ရွက်လျက်ရှိသဖြင့် မွေးဖွားနှုန်းကျဆင်းလာလျက်ရှိသည်။ တရုတ်နိုင်ငံတွင်မူ ကလေးတစ်ဦးသာရယူရေးမူဝါဒချမှတ်ပြီး ကလေးမွေးဖွားမှုနှုန်းကို တင်းကျပ်စွာထိန်းချုပ်ထားသည်။ သို့သော် အိန္ဒိယ၏ လူဦးရေသည် အချိန်ကာလအတိုင်းအတာတစ်ခုထိ မြင့်တက်နေဦးမည်ဖြစ်သည်။ အကြောင်းမူကား အိန္ဒိယပြည်သူအများစုသည် ကလေးမွေးဖွားနိုင်သောအရွယ်များဖြစ်ပြီး အိန္ဒိယပြည်သူ သုံးပုံ၊ နှစ်ပုံခန့်သည် အသက် ၃၅ နှစ်အောက်တွင်သာ ရှိနေသည်။ ထို့ပြင် မွေးဖွားမှုနှုန်းကျဆင်းခြင်းသည် အိန္ဒိယ၏ ပြည်နယ်အားလုံးတွင် တစ်ပြေးညီဖြစ်ပေါ်နေခြင်း မဟုတ်ပေ။ အိန္ဒိယ၏လူဦးရေ အထူအထပ်ဆုံး ပြည်နယ်များဖြစ်သော ဥတ္တရာပရာဒေ့ရှ်နှင့် ဘီဟာပြည်နယ်တို့တွင် မွေးဖွားမှုနှုန်း ၂ ဒသမ ၃၅ ဦးနှင့် ၂ ဒသမ ၉၈ ဦး အသီးသီးရှိပြီး တောင်ပိုင်းပြည်နယ်များတွင် မွေးဖွားမှုနှုန်းသည် ၂ ဒသမ ၁ ဦးသာရှိသည်။ မွေးဖွားမှုနှုန်းသည် ကိုးကွယ်မှုဘာသာနှင့် လူမျိုးစုအပေါ် မူတည်၍လည်း ကွဲပြားလျက်ရှိသည်။ သို့သော် အချို့သောဒေသများတွင် မွေးဖွားမှုနှုန်းသည် သိသိသာသာမြင့်တက်လျက်ရှိသည်။ ၁၉၉၂ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်ကြားတွင် မွတ်ဆလင်မွေးဖွားမှုနှုန်းသည် အမျိုးသမီးတစ်ဦးလျှင် ၄ ဒသမ ၄ ဦးမှ ၂ ဒသမ ၆ ဦးသို့ ကျဆင်းလာခဲ့ပြီး ဟိန္ဒူမွေးဖွားမှုနှုန်းသည် ၃ ဒသမ ၃ ဦးမှ ၂ ဒသမ ၁ ဦးထိ ကျဆင်းလာခဲ့သည်။

ဆိုခဲ့ပါမွေးဖွားမှုနှုန်းများသည် အိန္ဒိယအနေဖြင့် ၎င်း၏အမှန်တကယ်လူဦးရေစာရင်း အတည်ပြုထုတ်ပြန်ခြင်းမရှိသေးမီ လွန်ခဲ့သောအချိန်ကာလကပင်ဖြစ်သည်။ ၁၈၈၁ ခုနှစ်မှစ၍ အိန္ဒိယသည် ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ သို့သော် နောက်ဆုံးသန်းခေါင်စာရင်းကို ၂၀၁၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၁ ခုနှစ် သန်းခေါင်စာရင်းကိုလည်း ရွှေ့ဆိုင်းခဲ့ရသည်။ မည်သည့်အချိန်တွင် သန်းခေါင်စာရင်း ကောက်ယူသွားမလဲဆိုသည်မှာမူ ရှင်းရှင်းလင်းလင်းမသိရှိရသေးပေ။ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားရသည်ဟုဆိုသော်လည်း လေ့လာသုံးသပ်သူများကမူ ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲပြီးမှသာ ကောက်ယူနိုင်မည်ဟု ယုံကြည်ထားကြသည်။ တောင်နှင့်မြောက် ပြည်နယ်များကြား အမျိုးဇာတ်၊ လူဦးရေအချိုးအစား၊ ဘာသာရေးဆိုင်ရာခွဲခြားမှု၊ စီးပွားရေးအကျိုးအမြတ် ခွဲဝေမှုတို့သည် ထိခိုက်လွယ်သော မေးခွန်းများဖြစ်သဖြင့် အစိုးရအနေဖြင့် ရွေးကောက်ပွဲမတိုင်မီ ထုတ်ပြန်သွားလိုသောဆန္ဒမရှိပေ။ မည်သို့ပင်ဆိုစေ ပြည်သူများ၏ အကျိုးစီးပွားအတွက် အခြေခံကျသောအချက်အလက်များစုဆောင်းခြင်းသည် များစွာအရေးပါလျက်ရှိသောကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းကိုတတ်နိုင်ပါက အမြန်ဆုံးဆောင်ရွက်သွားသင့်ပေသည်။

အိန္ဒိယအနေဖြင့် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံ ဖြစ်လာသည့်အတွက် မည်သည့်ဂယက်ရိုက်ခတ်မှု များဖြစ်ပေါ်လာနိုင်သလဲဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ဆင်းရဲမှုများ၊ လူမှုအသိုက်အဝန်းများကြား တင်းမာမှုများ၊ ပညာသင်ယူခွင့်နှင့် အခွင့်အရေးများ လက်လှတ်ဆုံးရှုံးရမှုများရှိနေသည့်တိုင်အောင် အိန္ဒိယသည် တိုးတက်ပြောင်းလဲမှုများ၊ တွေးခေါ်ဆန်းသစ်မှုများနှင့် မတူကွဲပြားမှုများ ပြည့်နှက်လျက်ရှိပေသည်။ တိုင်းပြည်လူဦးရေ သုံးပုံ၊ နှစ်ပုံခန့်သည် အလုပ်လုပ်နိုင်သောအသက်အရွယ်တွင်ရှိသဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် အဆိုပါအခွင့်အရေးကို လက်လွှတ်မခံဘဲ အမိအရဆုပ်ကိုင်သွားသင့်ပေသည်။

အိန္ဒိယနိုင်ငံတွင် အလုပ်လက်မဲ့နှုန်းများရှိနေသေးသည့်တိုင်အောင် ဆဲလ်ဖုန်းနှင့်လျှပ်ကူးပစ္စည်းကဲ့သို့သော အရေးပါသောစက်မှုလုပ်ငန်းများ အပါအဝင် ကုန်ထုတ်လုပ်ငန်းများစွာရှိနေသည်။ အိန္ဒိယသည် ဆယ်စုနှစ်တစ်ခုအတွင်း ကမ္ဘာ့တတိယစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာတော့မည်ဖြစ်သည်။ အိန္ဒိယသည် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများ အပါအဝင် အခြေခံအဆောက်အအုံများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယယဉ်ကျေးမှုသည် ကမ္ဘာ့ရုပ်ရှင်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ မကြာသေးမီကပင် အိန္ဒိယရုပ်ရှင်ဇာတ်ကားတစ်ကားသည် ရွှေကမ္ဘာလုံးဆု ဆွတ်ခူးခဲ့သည်။

အထူးသဖြင့် အိန္ဒိယသည် အခြားနိုင်ငံများ၏ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်ထက် အဓိကစီးပွားရေးအင်အားကြီးနိုင်ငံနှင့်ပထဝီနိုင်ငံရေးဆိုင်ရာ ပလေယာအဖြစ် ကိုယ်ပိုင်ရပ်တည်လာလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် အနောက်နိုင်ငံက ကျောထောက်နောက်ခံပေးထားသော လွတ်လပ်သောကုန်သွယ်မှုပုံစံထက် ပြည်တွင်းကုန်ထုတ်လုပ်မှုကို တွန်းအားပေးသော အရှေ့အာရှစီးပွားရေးပုံစံကို အကောင်အထည်ဖော်လျက်ရှိသည်။

ပထဝီနိုင်ငံရေးဆိုင်ရာ ရပ်တည်ချက်များနှင့်စပ်လျဉ်း၍ ယူကရိန်းအရေးတွင် အနောက်အုပ်စုကိုသော်လည်းကောင်း၊ ရုရှားကိုသော်လည်းကောင်း ထောက်ခံမှုမရှိဘဲ လွတ်လပ်စွာရပ်တည်ခဲ့သည်။ အိန္ဒိယပြည်သူများက ၎င်းတို့နိုင်ငံသည် အင်အားကြီးနိုင်ငံဖြစ်သည့်အတွက် အခြားအင်အားကြီးနိုင်ငံများ ပြိုင်ဆိုင်နေသည့်အချိန်တွင် ကိုယ်ပိုင်အကျိုးစီးပွားကိုသာ အလေးထားဆောင်ရွက်သွားသင့်သည်ဟု ပြောဆိုလျက်ရှိသည်။ အမေရိကန်နိုင်ငံသည် တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့ပြီးလျှင် အကြီးမားဆုံးသော စစ်ရေးခြိမ်းခြောက်သူအဖြစ် အိန္ဒိယပြည်သူများက ယုံကြည်ထားကြသည်။ အမေရိကန်၊ ရုရှားနှင့်တရုတ်တို့ကြား အာဏာဟန်ချက် ထိန်းညှိနေခြင်းထက် အိန္ဒိယအနေဖြင့် ကိုယ်ပိုင်အခွင့်အရေးတွင် မဟာအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကိုယ်ပိုင်ရပ်တည်ချက်ဖြင့် အမြဲတစေ ဆောင်ရွက်လျက်ရှိရာ ကိုယ်ပိုင်အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသောကြောင့် လာမည့်ဆယ်စုနှစ်အတွင်း ပိုမိုသိသာထင်ရှားလာမည်ဖြစ်ပေသည်။ ကမ္ဘာ့အကြီးမားဆုံးစီးပွားရေးနှင့်စစ်ရေးအင်အားကြီးနိုင်ငံများနှင့်အပြိုင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်လာသော အိန္ဒိယသည် ကမ္ဘာ့စင်မြင့်တွင် ၎င်း၏အကျိုးစီးပွားများ၊ တန်ဖိုးထားမှုများနှင့် ရည်မှန်းချက်များအတွက် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ဆိုရလျှင် အိန္ဒိယသည် တရုတ်နိုင်ငံကိုကျော်လွန်ကာ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်လာပြီဖြစ်သည်။ အထူးသဖြင့် အိန္ဒိယသည် အရှေ့နှင့်အနောက်အုပ်စုများကြား ပထဝီနိုင်ငံရေးဆိုင်ရာအားပြိုင်မှုများတွင် မည်သည့်ဘက်မှရပ်တည်ခြင်းမရှိဘဲ ၎င်း၏အကျိုးစီးပွားအတွက် ကိုယ်ပိုင်ရပ်တည်ချက်ဖြင့် ချီတက်လျက်ရှိပေသည်။

**❖ အိန္ဒိယအနေဖြင့် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံ ဖြစ်လာသည့်အတွက် မည်သည့်ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်သလဲဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ဆင်းရဲမှုများ၊ လူမှုအသိုက်အဝန်းများကြား တင်းမာမှုများ၊ ပညာသင်ယူခွင့်နှင့်အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးရမှုများ ရှိနေသည့်တိုင်အောင် အိန္ဒိယသည် တိုးတက်ပြောင်းလဲမှုများ၊ တွေးခေါ်ဆန်းသစ်မှုများနှင့် မတူကွဲပြားမှုများ ပြည့်နှက်လျက်ရှိပေသည်။ တိုင်းပြည်လူဦးရေ သုံးပုံ၊ နှစ်ပုံခန့်သည် အလုပ်လုပ်နိုင်သော အသက်အရွယ်တွင်ရှိသဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် အဆိုပါအခွင့်အရေးကို လက်လွှတ်မခံဘဲ အမိအရဆုပ်ကိုင်သွားသင့်ပေသည်။ ❖**

**ကိုးကား**

- **India is the World's Most Populous Country : What it Means by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်နှင့် ဝန်ထမ်းများက တယ်ဇားကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများလိုက်နာရမည့် စည်းကမ်းချက်များကို ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဒေါ်သွဲ့သွဲ့နှင်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်နှင့်ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၃ ဒသမ ၃ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၄ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူကိုးဦးကို ငွေကျပ် ၇ ဒသမ ၇ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် နှစ်သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Kornet ဒုံးကျည်များက ဂျာမနီထုတ် Leopard ပင်မတိုက်ပွဲဝင်တင့်ကားများကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်ဟု ရုရှားပြောကြား




ရုရှားနိုင်ငံ Rostec ကော်ပိုရေးရှင်းက ၎င်း၏ Kornet တင့်ကားဖျက်ဒုံးကျည်စနစ်များသည် ယူကရိန်းသို့ ပေးပို့နေသည့် အနောက်နိုင်ငံများက ပံ့ပိုးပေးထားသော ဂျာမနီထုတ် Leopard ပင်မတိုက်ပွဲဝင် တင့်ကားများကိုဖျက်ဆီးနိုင်သည်ဟု အခိုင်အမာဆိုသည်။

ရုရှားနိုင်ငံပိုင် Rostec ကော်ပိုရေးရှင်း၏အဆိုအရ တင့်ကားများတွင် ပေါက်ကွဲစေတတ်သော တုံ့ပြန်မှုဆိုင်ရာ သံချပ်ကာအကာအကွယ် Explosive Reactive Armor ပါရှိမည်မဟုတ်ဘဲ စွမ်းအားမြင့် ရုရှားလက်နက်စနစ်များအတွက် ပစ်မှတ်ကောင်းများ ဖြစ်လာလိမ့်မည်ဟု သိရသည်။

သို့သော်လည်း တစ်ဖက်က Modern War Institute ၏ အစီရင်ခံစာအရ Leopard တင့်ကားများသည် ထိုကဲ့သို့သော သံချပ်ကာ၊ အကာအကွယ်များကို အမှန်တကယ် တပ်ဆင်အသုံးပြုနိုင်သည်ဟု ဖော်ပြထားသည်။

ယူကရိန်းသို့ပေးပို့သော ဂျာမနီထုတ် ပင်မတိုက်ပွဲဝင်တင့်ကားများတွင် Explosive Reactive Armor သံချပ်ကာအမျိုးအစားပါရှိလာမည်လားဆိုသည်ကိုတော့ ရှင်းရှင်းလင်းလင်းမသိရပေ။

Rostec ကော်ပိုရေးရှင်းက တင့်ကားများကို ခေတ်မီပြီး ကောင်းစွာကာကွယ်ထားသောတိုက်ယာဉ်အဖြစ် ဖော်ပြခဲ့သော်လည်း တိုက်ပွဲများအတွင်း ၎င်းတို့တွင် ခုခံနိုင်စွမ်းလျော့နည်းနိုင်သည်ဟု ယူဆကြောင်း အခိုင်အမာဆိုခဲ့သည်။

ရုရှားစစ်ဘက်တွင် စစ်လက်နက်များလည်ပတ်လုပ်ဆောင်ရာ၌ ၎င်းတို့၏စွမ်းဆောင်ရည်ထက် သိသိသာသာနိမ့်ကျသော လူတစ်ကိုယ်သယ် တင့်ကားဖျက်ဒုံးကျည်စနစ်များနှင့်ပင် အဆိုပါတင့်ကားများကို ချေမှုန်းဖျက်ဆီးနိုင်ခဲ့ကြောင်း တိုက်ပွဲအတွေ့အကြုံများက ပြသနိုင်ခဲ့သည်ဟု Rostec ကော်ပိုရေးရှင်းက နိုင်ငံပိုင် TASS သတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

Kornet တင့်ကားဖျက်ဒုံးကျည်များအပြင် ရုရှား၏ Vikhr နှင့် Ataka လေဟင်ပစ်ဒုံးကျည်များနှင့် ၁၂၅ မီလီမီတာ Mango သံချပ်ကာဖောက်ကျည်များသည် Leopard များကို ပြင်းထန်စွာထိခိုက်ပျက်စီးစေနိုင်ကြောင်း Rostec ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

Rostec ကော်ပိုရေးရှင်းက ဂျာမနီတင့်ကားများကို Mango ကျည်များဖြင့် ထိထောင့်မည်ကဲ့သို့ထိမှန်စေကာမူ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်မှာ သေချာကြောင်း အာမခံပြောကြားခဲ့သည်။

Kornet ဒုံးကျည်တစ်စင်းသည် တင့်ကားအရှေ့ဘက် သံချပ်ကာအကာအကွယ်သို့မဟုတ် ဘေးဘက်ခြမ်းကို ထိမှန်ပါကမည်သည့်တင့်ကားမဆို ပျက်စီးသွားနိုင်မည်ဟု အခိုင်အမာပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် Leopard ထက် စွမ်းဆောင်ရည်ပိုကောင်းသည်ဟုဆိုသော T-90M Proryv တင့်ကားများကိုလည်း ထုတ်လုပ်အသုံးပြုလျက်ရှိသည်။

ရုရှား၏ ထိုးစစ်ဆင်မှုများကို ခုခံကာကွယ်ရန်၊ ယူကရိန်းနိုင်ငံကို Leopard တင့်ကားများပေးပို့ရန် ဂျာမနီက ပြီးခဲ့သည့်သီတင်းပတ်က အတည်ပြုခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က အနောက်အုပ်စု၏ စုပေါင်းအားထုတ်ရန်လိုနေမှုအပေါ် အပြင်းအထန်ရှုတ်ချကန့်ကွက်ခဲ့ပြီး ရုရှားနိုင်ငံတွင် တုံ့ပြန်ရန်တစ်စုံတစ်ရာရှိပြီးဖြစ်ကြောင်း ထပ်မံသတိပေးပြောကြားခဲ့သည်။

**Russia Claims Kornet Missiles Can Destroy German Leopard Tanks. ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံရှိစက်ရုံများတွင် ဒရုန်းများထုတ်လုပ်ရန် အီရန်နှင့် ရုရှား စီစဉ်နေ

အီရန်နှင့် ရုရှားတို့သည် ထောင်နှင့်ချီသောဒရုန်းများထုတ်လုပ်ရန် ရုရှားနိုင်ငံရှိစက်ရုံများတွင် စီစဉ်နေသည်ဟု အမေရိကန်နိုင်ငံအခြေစိုက် www.thedefense-post.com က ဖေဖော်ဝါရီ ၆ ရက် ရက်စွဲဖြင့် ရေးသားဖော်ပြခဲ့သည်။

စီမံကိန်းအသေးစိတ်အချက်အလက်များကို ဖော်ထုတ်ရန်အတွက် ဇန်နဝါရီလအစောပိုင်းတွင် အီရန်နိုင်ငံကိုယ်စားလှယ်အဖွဲ့သည် ဒရုန်းထုတ်လုပ်မည့်နေရာသို့ သွားရောက်ခဲ့ကြောင်း သတင်းရင်းမြစ်များကို ကိုးကား၍ Wall Street Journal က ရေးသားဖော်ပြခဲ့သည်။

အီရန်နှင့် ရုရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ရုရှားမြို့အရှေ့ဘက် မိုင် ၆၀၀ (၉၆၅ ကီလိုမီတာ)ခန့်အကွာ Yelabuga ဒေသရှိ နေရာတစ်ခုတွင် အနည်းဆုံးဒရုန်းအစင်းရေ ၆၀၀၀ ကို ထုတ်လုပ်သွားနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ရုရှားနိုင်ငံသို့ ပေးပို့ထားပြီးသော ဒရုန်းများထက် ပျံသန်းမှုအလျင်နှုန်း ပိုမိုမြန်ဆန်သောဒရုန်းများ တည်ဆောက်သွားရန်လည်း ပါဝင်သည်။

Shahed-136s၊ Shahed-129s၊ Shahed-191s နှင့် Qods Mohajer-6s အပါအဝင် အီရန်နိုင်ငံထံမှ ခန့်မှန်းခြေ ဒရုန်း ၂၄၀၀ ခန့်ကို ရုရှားနိုင်ငံက ဝယ်ယူခဲ့သည်ဟု သတင်းရင်းမြစ်များက ရေးသားထားကြသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ဝယ်ယူရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်တွင် ရုရှားနိုင်ငံ၌ ပေါက်ကွဲစေတတ်သော တန်ဖိုးနည်းဒရုန်းများထုတ်လုပ်ရန် ဒီဇိုင်းများနှင့်နည်းပညာဆိုင်ရာအစိတ်အပိုင်းများ လွှဲပြောင်းခြင်းပါဝင်နေသည်ဟု ဝါရှင်တန်ပို့စ်သတင်းစာက အစီရင်ခံတင်ပြခဲ့သည်။

သဘောတူညီချက်ကို တရားဝင်ဖြစ်စေရန် အီရန်ကိုယ်စားလှယ်အဖွဲ့ကို အစ္စလာမ်မစ် တော်လှန်ရေးအစောင့်တပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးချုပ် Abdollah Mehrabi နှင့် အီရန်နိုင်ငံ Quds လေကြောင်းလုပ်ငန်း၏ အမှုဆောင်အရာရှိချုပ် Ghassem Damavandian တို့က ဦးဆောင်လာရောက်ခဲ့ခြင်းဖြစ်သည်။



အဆိုပါသဘောတူညီချက်သည် ရုရှားကို ၎င်း၏ ယူကရိန်းစွမ်းအင်အခြေခံအဆောက်အအုံများအပေါ် လေကြောင်းမှ ချေမှုန်းခြင်းကို ဆက်လက်လုပ်ဆောင်နိုင်စေပြီး ရုရှားကို ကူညီခြင်းနှင့်ပတ်သက်၍ အီရန်အနေဖြင့် ယုံမှားသံသယမရှိသော အကူအညီတစ်ရပ်ကို လုပ်ဆောင်ခြင်းလည်းဖြစ်သည်။

အပြန်အလှန်အားဖြင့် ရုရှားနိုင်ငံကလည်း အီရန်တိုက်လေယာဉ်မှူးများကို ၎င်း၏ ဂျက်တိုက်လေယာဉ်များပေါ်တွင် လေ့ကျင့်သင်ကြားပေးနေပြီး ယခုနှစ်ကုန်တွင် ဂျက်တိုက်လေယာဉ်များကို အီရန်သို့ ရောင်းချရန်စီစဉ်လျက်ရှိသည်။

အီရန်နိုင်ငံက ရုရှားနိုင်ငံသို့ ဒရုန်းများ ပေးပို့ရောင်းချခဲ့မှုအပေါ် အသိအမှတ်ပြုခဲ့သည်။ သို့သော်လည်း ယူကရိန်းပဋိပက္ခမတိုင်မီက ဒရုန်းများပေးပို့ခဲ့ကြောင်း၊ ၎င်း၏ ဒရုန်းများက ယူကရိန်းကိုတိုက်ခိုက်ရာတွင် အသုံးမပြုခဲ့ဟု အခိုင်အမာပြောကြားထားခဲ့သည်။

ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် အီရန်နိုင်ငံထုတ် ဒရုန်းအစင်း ၄၀၀ ခန့်ဖြန့်ကြက်အသုံးပြုထားပြီး နောက်ထပ် အစင်း ၂၀၀၀ ကို မှာယူထားကြောင်း ယူကရိန်းဘက်က ပြောကြားခဲ့သည်။


**Iran, Russia Plan Drone Production in Russian Facility: Report ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays homage visit to Shwe Muhtaw Maha Pagoda in Pathein

**Nay Pyi Taw February 7**


Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by members of his entourage, Ayeyawady Region Chief Minister U Tin Maung Win, South-West Command Commander Brig-Gen Kyi Khaing and officials, visited and paid homage to the Shwe Muhtaw Maha Pagoda, the glory of Pathein, this evening.


Senior General Min Aung Hlaing pays homage to Buddha Images of Shwe Muhtaw Maha Pagoda.

First, the Senior General and party were welcomed by members of the pagoda board of trustees. Next, the Senior General and party paid homage and offered flowers, water and oil light to the pagoda.

The Senior General made a cash donation to the pagoda and received Dhamma gifts from officials of the pagoda board of trustees.

The Senior General and party went round the pagoda clockwise and paid homage to the pagoda. Later, the Senior General gave instructions to the officials on measures to maintain the pagoda for its long-term existence and maintain and conserve other pagodas in Pathein and other requirements. 100


Buddha Images of Shwe Muhtaw Maha Pagoda.


Senior General Min Aung Hlaing accepts a flower bunch.


Senior General Min Aung Hlaing accepts Dhamma gift from officials of the pagoda board of trustees.

# Turkey earthquake: Erdogan announces three-month state of emergency in quake area

**Ankara February 7**

Turkish President Recep Tayyip Erdogan has announced a three-month state of emergency in 10 provinces worst-affected by an earthquake that has killed thousands.

Mr Erdogan said that the death toll in Turkey has risen to 3,549 people.

More than 1,600 people are reported to have died in Syria.

In a televised address, Mr Erdogan said the state of emergency is to ensure that rescue work can be "carried out quickly" in the country's south-east.

He said the measures would allow relief workers and financial aid into the affected regions, but did not give further details.

The state of emergency will end just before elections on 14 May, when Mr Erdogan will attempt to stay in power after 20 years.

Turkey last imposed a state of emergency in 2016 after a failed coup attempt. It was lifted two years later.

Rescuers in Turkey are battling heavy rain and snow as they race against the clock to find survivors of the earthquake that struck in the early hours of Monday.

The World Health Organization has warned the toll may rise dramatically as rescuers find more victims.

BBC

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Exert collective efforts for national economic development through global vision


Senior General Min Aung Hlaing meets officials and MSME entrepreneurs in Pathein.

**Nay Pyi Taw February 7**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met district and township departmental officials and MSME entrepreneurs in the town hall in Pathein this morning and discussed regional and economic development undertakings.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC member Admiral Tin Aung San, Union ministers, Ayeyawady Region Chief Minister U Tin Maung Win, senior military officers from Office of Commander-in-Chief, South-West Command Commander Brig-Gen Kyi Khaing, and officials.

**Individual reports on MSMEs operations in the region and requirements**

First, the chief minister presented a report on regional points, progress in setting up MSMEs in the region, assistance for MSME development, business operations in Pathien industrial project, operations of industries manufacturing main products, local farm products, production of handicraft and food industries, tourism-based hotels and services, ongoing programs for MSME development.

MSME entrepreneurs at the meeting, Chairman U Htay Myint of Global Earth Agro & Aqua Industry Public Co., Ltd, Managing Director U Shwe Kyaing of Delta Queen International Co., Ltd, Vice-Chairman U Sithu Soe of Ayeyarwaddy Development Public Co. Ltd, Managing Director U Lumaw Myint Maung of Shwewanadi Agriculture Production Co. Ltd, Chairman U Soe Win of Ayeyawady Region Rice Millers Association, Chairman U Win Myint Hlaing of Ayeyawady Region Chamber of Commerce and Industry, Chairman U Min Kyaw Oo of Chaungtha Hoteliers Association, Charman U Kyaw Thuya of Ayeyawady Region Tapioca Exporters Association, edible oil entrepreneur Daw Mi Mi Kyaw and other attendees, reported on agriculture-related advantages of Ayeyawady Region, systematic fish farming, milk cow farming and value-added dairy products distribution, functions of Pathein Industrial Zone, operating rice mills and quality strain requirement for increasing rice yield, local distribution of rice and exports, erection of rice mills and dryers in the vicinity of rice producing areas to reduce cost, benefits of income generating summer paddy and green beans cultivated under the assistance of State Economic Development Funds, capital for rice husk-fired power plants, road transport development for increasing number of tourists in the region, cooperation between entrepreneurs and local government for development of tourism in accord with the State adopted policies, assistance for development of tapioca business in Myanmar as it is a strategic crop of Mekong region, upgrading of operating oil mills with the advanced technology and expected assistance from the government, and other requirements for regional economic development.

**Sector-wise clarifications of Union ministers**

As regards the individual reports, Union ministers explained ministry-wise implementation of task, phase-wise motor, rail and water way improvement programs for transport facilitation in the region, systematic feasibility study for Pathein airport upgrading program, region's potentials to attract local and foreign investments, sector-wise non-profit investments for national development and socio-economic improvement, availability of business-wise soft loans for development of edible oil industry, establishment of cooperative societies and provision of machinery and capital for rural socio-economic development and income generation, help from local branches of the relevant ministries for the availability of quality seeds and other inputs, ministry-wise and region/state-wise support for MSME development, ongoing industrial registration programs, anti-illegal trade campaigns, online paperwork services for export facilitation.


Senior General Min Aung Hlaing visits Union Day commemorative market festival.

**Encouragement for manufacturing based on local agricultural and livestock raw materials**

In his speech, the Senior General Min Aung Hlaing said that the government is encouraging micro, small and medium scale enterprises for economic development of the State. Some 70 per cent of the population reside in rural area whereas 30 per cent live in urban area. Eighty-five per cent of people live in rural area of Ayeyawady Region and 15 per cent in urban area. The majority of them are engaging in agriculture and livestock farms in growing paddy and oil crops as well as breeding fish. Manufacturing the raw materials of both agriculture and livestock farms are business of MSMEs. Products from these businesses come out feedstuff to be used in livestock farms.

An emphasis must be placed on domestic raw materials in doing local businesses. Raw materials from agriculture and livestock farms can be produced to the value-added products. Ayeyawady Region is blessed with the resources to be successfully used in fish farming tasks. It is necessary to breed fish species suitable for local consumption as the country needs high demand of meat and fish. Likewise, the Senior General stressed the need to use quality paddy strains for having high per-acre yield. Agricultural tasks need to seek quality crops, fertile soil, sufficiency of water and high technique. Efforts must be made to produce larger volume of local raw materials, adding plans must be implemented to increase per-acre yield of oil crops.

*See Page 14*


Senior General Min Aung Hlaing hears report on MSME products.


Senior General Min Aung Hlaing observes MSME products.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects Advanced Paper Mill (Thabaung), Newsprint Paper Mill (Thabaung) of Ministry of Industry



Senior General Min Aung Hlaing hears report on Advanced Paper Mill (Thabaung) and Newsprint Paper Mill (Thabaung).

**Nay Pyi Taw February 7**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by entourages, Chief Minister of Ayeyarwady Region U Tin Maung Win, Commander of the South-West Command Brig-Gen Kyi Khaing and officials, inspected the Advanced Paper Mill (Thabaung) and Newsprint Paper Mill (Thabaung) of the Ministry of Industry in Thabaung Township in Ayeyarwady Region this afternoon.

First, the Senior General and party were greeted by staff of the paper mills. Then, Union Minister for Industry Dr Charlie Than and the managing director of No. (3) Heavy Industries Enterprise reported to the Senior General on brief histories of and information about the mills, production of pulp, paper and newsprint paper during the period from their establishment to suspension of their operations, inputs and kinds of products, production, performance of duties by staff, establishment of forest plantations for raw materials, payments of salaries and pensions in respective fiscal year, invitation for public-private cooperation program and suspension of the program and future tasks to be carried out under the guidance of the Senior General at the briefing hall of the mills.

Then, Union Minister for Energy U Myo Myint Oo reported to the Senior General on production of natural gas from Maubin gas well, production of natural gas from Maubin and Nyaungdon oil and gas fields and distribution of gas to relevant factories, gas demand for operations of the paper mills and inspection and maintenance of gas pipes.

Afterwards, Union Minister for Natural Resources and Environmental Conservation U Khin Maung Yi reported to the Senior General on availability of bamboo raw materials for the paper mills, various kinds of bamboo grown in Myanmar and paper production, yearly availability of bamboo in the area where the paper mills are located, per-acre yield of respective kinds of bamboo if bamboo plantations are established in the area and cultivation of fast growing trees for production of pulp.

Then, Chairman of Myanmar Economic Corporation Lt-Gen Nyo Saw reported to the Senior General on inspection and maintenance of machines of the paper mills and plantations and methods of energy supply for the mills.

After hearing the reports, the Senior General said the demand for paper is growing in the country and paper is imported from other countries to meet the daily need of paper in offices, schools and for newspapers. Reoperation of the mills needs bamboo and wood raw materials and energy. Expansion of the mills must be carried out after the mills have been in operation again. Forest and bamboo plantations must be established for raw material needs. Pulp must be produced in Kachin State and Sagaing Region and transported to the paper mills. As measures taken for reoperation of the mill amount to serving the national interests, responsible officials are required to take the matter seriously. As paper is imported from other countries, reoperation of the mills can reduce foreign exchange spending and create job opportunities. Responsible officials are required to coordinate and cooperate for resumption of operations of the mills as soon as possible.

Then, the Senior General inspected various kinds of paper displayed there and gave necessary instructions. Then, the Senior General and party inspected the pulping plant, the 50-ton paper mill and 60-ton newsprint paper mill by car and attended to the needs reported by officials.

Then, the Senior General presented cash rewards for staff of the mills to responsible officials and cordially greeted the staff. 100


Senior General Min Aung Hlaing inspects products of the mill.

*From Page 13*

Manufacturing needs to produce quality products. It is necessary to use raw materials from agriculture and livestock farms for production. If so, these businesses will create job opportunities for local people and contribute to regional development as well as improvement of socio-economic life of the people. As local raw materials can be supplied to the businesses continuously, it will help strong production. Amount of local circular money will increase and it will reflect socioeconomic development of the people as well as improvement of State economy. By successfully implementing the MSME businesses will manage import-substitute process and help export of products to foreign countries for booming the State economy.

**Cooperative system**

Myanmar has exercised the cooperative system and some developed countries are still exercising the cooperative system. The cooperative system will improve the work process and the cooperative system must be implemented in Ayeyawady Region These cooperative societies need to distribute quality seeds of crops to increase per-acre yield. The Senior General stressed the need to efficiently use the cultivable lands as well as land and water sources. If agricultural produce will have higher per-acre yield, Ayeyawady Region will have remarkable development in the economic sector. Relevant townships and districts need to strive for booming process to have much benefit.

**Regional beautifying and socio-economic development**

The government is carrying out betterment of roads and bridges across the nation in order to ensure smooth and swift flow of commodities and to develop the State economy. Arragements will be made to upgrade Pathein Airport for improvement of tourism industry and socioeconomic development of local people. So also, local people and officials are to participate in regionwise beautifying tasks. Although Pathein port admitted docking of oceanliners in the past, but it cannot admit the international vessels for silting the water course. A plan is underway to build the port in Ngaputaw to admit docking of oceanliners so as to development the region and attract the travellers. So, it is necessary to upgrade the regional facilities and domestic products to be able to charm the hearts of travellers. Trade shows must be held with domestic products to catch attention of the people.

With regard of electrification, solar power can be generated in Ayeyawady Region. The government will conduct the research for using the wind power soon. All must make efforts for sufficient supply of electricity and they all need to join hands for development of the region.

**Nation's economy will be developed through encouraging domestic commodity production**

As regards the imports, the nation had a trade deficit due to large volume of imports without encouraging domestic commodity production in the past. Now, our government is encouraging domestic commodity production and taking measures to be able to resume suspended factories. If personal goods needed locally could be produced adequately, foreign exchange spending could be minimized. It is necessary to make efforts to become an exporter from an importer of basic personal goods needed for the nation. In doing so, when there is a balance in earnings and expenses, the nation's economy will grow and the commodity prices will go down as well. The nation's strength lies within. Other countries could not control our nation's economy.

**All citizens are to make efforts for nation's economy with a global perspective**

As investment loans will be disbursed at the lowest rate to operate commodity production enterprises, the loans should be used profitably. There is a need to do studies for acquiring technology for MSMEs. Subjects on agriculture, livestock and mechanism will be taught at basic education high schools to ensure development of human resources. The State is giving encouragement to ensure development of human resources and better education. As Ayeyawady Region has already had basic raw materials needed for commodity production enterprises, the regional economy will grow more if efforts are made for development of commodity production enterprises in the region. In implementing One Region One Product initiative, it is necessary to eye not only the domestic market but overseas market. All the citizens are to be experienced and knowledgeable with a global perspective in taking measures for the nation's economy and work together.

Then, the Senior General cordially greeted MSME entrepreneurs who attended the meeting.

Later, the Senior General took a tour of exhibits on fishery products, foodstuff, personal goods, industrial products, traditional handicraft, and clothing items and discussed market availability with the businessmen. 100

# မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းက ဇန်နဝါရီလတွင် ကုန်သွယ်မှုပိုင္ငေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၁ သန်းဖိုး ရရှိအောင်ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၇**

မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းက ဇန်နဝါရီလတွင် ကုန်သွယ်မှုပိုင္ငေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၁ သန်းဖိုး ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုဖြစ်ကြောင်း၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းက ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ပို့ကုန် အမေရိကန်ဒေါ်လာသုည ဒသမ ၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၆ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆ သန်း ရရှိရန် လျာထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ လျာထားဆောင်ရွက်ရာတွင် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းက ဇန်နဝါရီလတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၂ဒသမ ၅၃၄ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ဝဝ၃ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပိုင္ငေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၁ သန်းဖိုးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများမှ ကွမ်းသီး၊ ချင်း(အစို)၊ ထန်းလျက်၊ အုန်းသီး၊ ငရုတ်သီးခြောက်(အညှာပါ)၊ ဆီးသီးခြောက်၊ သရက်သီးခြောက်များကို တင်ပို့ရောင်းချပေးခဲ့သည့်အပြင် ရေထွက်ကုန်ပစ္စည်းများမှ ငါးမြစ်ချင်း၊ ငါးသလောက်၊ ငါးနီတူခြောက်၊ ငါးကုန်းညှိခြောက်၊ ငါးစုံလေးခြောက်နှင့် စက်မှုကုန်ချောပစ္စည်းအနည်းငယ်တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အနည်းငယ်ကိုသာ ပြန်လည်တင်သွင်းခဲ့ကြောင်း သိရသည်။

SKL

# သထုံမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးသင်တန်းဖွင့်လှစ်

**သထုံ ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာခြည်ထွေးက အမှာစကားပြောကြားပြီး သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ သင်တန်းတွင်လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သထုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စိုက်ပျိုးရေးနှင့်ပတ်သက်၍ အခြေခံသိသင့်သိထိုက်သော ဘာသာရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့ကျင့်ကောင်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။




အဆိုပါသင်တန်းကို သထုံမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်းဦးရေ ၂၀ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၈ ရက်ထိ ၃ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲသို့ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာခြည်ထွေး၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သုတ

# မိတ္ထီလာမြို့နယ် မြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် မြာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

**နိုင်ငံတော်စီမံဖွံ့ဖြိုးရေးအတွက်**



**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နိုင်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၇-၂-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၈၀၀၀၀ |
| **(ဖွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂေါပကအဖွဲ့မှ တာဝန်ရှိသူများကို စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်၊ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးသာမက ပုသိမ်မြို့ရှိ အခြားသော ဘုရား၊ စေတီများကိုလည်း ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် ထိန်းသိမ်းကြရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအတွင်း ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားစဉ်။

# (၁၉)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏(၁၉)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်းတွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူး ဦးစိုးလင်းကပြောပြသည်။

အဆိုပါ မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲတွင် ပန်းအလှပြပြင်ခြင်းပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ပြည်တွင်းနှင့် ပြည်ပ သစ်ခွပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ အသီးပါသည့် အလှပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ၊ အထုပ်ပြိုင်ပွဲ၊ သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ စသဖြင့် ပြိုင်ပွဲအမျိုးအစား ၂၃ မျိုး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

"မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပနိုင်ဖို့အတွက် မန္တလာသီရိအဆင့်မြင့်အားကစားကွင်းထဲမှာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြိုင်ပွဲကျင်းပတဲ့ရည်ရွယ်ချက်ကတော့ ပြည်သူတွေ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ရန်နဲ့ မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက် စိုက်ပျိုးနိုင်ဖို့ စိတ်ဝင်စားလာစေရန်ဖြစ်ပါတယ်။

နောက်ပြီး မြန်မာနိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်လို့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာလည်း အထောက်အကူဖြစ်လို့ ပြပွဲကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်" ဟု ဦးစိုးလင်းက ပြောပြသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းခွဲ၊ နှစ်သိမ့်ဆု သုံးဆုအတွက် ငွေကျပ် ငါးသောင်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပြိုင်ပွဲကျင်းပမည့် မန္တလာသီရိအားကစားကွင်း ကွပ်ကဲရေးရုံးသို့ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် နံနက် ၈ နာရီမှ နံနက် ၁၁ နာရီထိလည်းကောင်း ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီထံသို့ ပေးပို့ရမည်ဖြစ်သည်။



အသေးစိတ် အချက်အလက်များကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဖုန်း ၀၉-၄၀၂၆၄၀၄၆၉၊ ၀၉-၄၀၂၆၇၃၆၉၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**မျိုးကျော်**






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့နှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လမ်းညွှန်မှာကြားစဉ်။**

☆ **ကျောဖုံးမှအဆက်**

သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့မှ ဝန်ထမ်းများက ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် စက်ရုံ အစည်းအဝေးခန်းမတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နှင့် စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း ညွှန်ကြားရေးမှူးတို့က အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့၏ နောက်ခံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာ အချက်အလက်များ၊ စတင်လည်ပတ်ချိန်မှ ရပ်နားခဲ့ရသည်ထိ စက္ကူပျော့ဖတ်၊ စက္ကူနှင့် သတင်းစာစက္ကူ ထုတ်လုပ်နိုင်ခဲ့မှု၊ သွင်းအားစုနှင့် ထုတ်ကုန်အမျိုးအစားများ၊ ကုန်ထုတ်လုပ်မှု ဆောင်ရွက်ခဲ့မှုများ၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ စက်မှုကုန်ကြမ်းသစ်စိုက်ခင်းများ ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းလစာပေးချေနေရမှုနှင့် ပင်စင်လစာပေးချေထားရှိမှု၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့မှု၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ထုတ်လုပ်ထားရှိသည့် စက္ကူအမျိုးအစားများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။**

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးက မအူပင်ဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့ထွက်ရှိနေမှု၊ မအူပင်ရေနံမြေနှင့် ညောင်တုန်းရေနံမြေတို့မှ သဘာဝဓာတ်ငွေ့ထွက်ရှိမှုနှင့် သက်ဆိုင်ရာစက်ရုံများသို့ ဖြန့်ခွဲပေးပို့လျက်ရှိမှု၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့ကို လည်ပတ်နိုင်ရေးအတွက် ဓာတ်ငွေ့လိုအပ်ချက်နှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်လိုအပ်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့အတွက် သဘာဝတောများမှ ဝါးကုန်ကြမ်းများရရှိနိုင်မှု၊ နိုင်ငံတစ်ဝန်း ပေါက်ရောက်လျက်ရှိသည့် ဝါးအမျိုးအစားများနှင့် စက္ကူထုတ်လုပ်နိုင်မှု၊ သာပေါင်းစက္ကူစက်ရုံတည်ရှိရာဒေသ၌ နှစ်စဉ်ဝါးရရှိနိုင်မှု၊ ဝါးအမျိုးအစားများအလိုက် စိုက်ခင်းတည်ထောင်မည်ဆိုပါက တစ်ဧက ထွက်ရှိနိုင်မှု၊ စက္ကူပျော့ဖတ်များ ထုတ်လုပ်နိုင်ရန်အတွက် ကြီးမြန်သစ်မျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့ကို စက်ကိရိယာများ ပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်နိုင်ရေး စက်ရုံနှင့် စိုက်ခင်းများသို့ ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့မှု၊ စွမ်းအင်ရရှိနိုင်မှု နည်းလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက္ကူသည် တိုင်းပြည်အတွက် လိုအပ်ချက်များစွာ ရှိနေပြီး နေ့စဉ်အသုံးပြုနေရသည့် ရုံးသုံး၊ ကျောင်းသုံး၊ သတင်းစာ စသည့် စက္ကူလိုအပ်ချက်များစွာကို ပြည်ပမှတင်သွင်း အသုံးပြုနေရကြောင်း၊ စက္ကူစက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းအနေဖြင့် ဝါး၊ သစ်တို့ လိုအပ်မည်ဖြစ်ပြီး စက်လည်ပတ်နိုင်ရေးအတွက် စွမ်းအင်လိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံ ပြန်လည်ပြုပြင်ပြီးချိန်တွင် ထပ်မံတိုးချဲ့နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် သစ်တောစိုက်ခင်း၊ ဝါးစိုက်ခင်းများကိုလည်း စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ပျော့ဖတ်များကို ထုတ်လုပ်၍ ရနိုင်မည်ဖြစ်ပြီး စက္ကူစက်ရုံသို့ ဆက်လက်ပို့ဆောင်နိုင်ကြောင်း၊ **စက္ကူစက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်**သဖြင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ **စက္ကူလိုအပ်ချက်များအတွက် ပြည်ပမှ တင်သွင်းနေရသည့် နိုင်ငံခြားငွေအသုံးပြုမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်**ကြောင်း၊ စက်ရုံများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ အောင်မြင်အောင်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှ ထုတ်လုပ်ထားရှိသည့် စက္ကူအမျိုးအစားများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဝင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ပျော့ဖတ်ထုတ်လုပ်ရေးစက်ရုံခွဲ (Pulping Plant)၊ တန် ၅၀ စက္ကူစက်ရုံ၊ တန် ၆၀ သတင်းစာစက္ကူစက်ရုံတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

# တောင်ကြီးမြို့၌ (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပ



**တောင်ကြီး ဖေဖော်ဝါရီ ၇**

(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက တောင်ကြီးမြို့ အဝေယာမီးပုံးပျံကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အာခါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က "စေးစေး"သီချင်းဖြင့် ဖျော်ဖြေကပြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက ဖတ်ကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများအားလုံးအမြန်ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုကိုသက်သေထူခဲ့သော နေ့ထူးနေ့မြတ် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် ရှမ်းပြည်နယ်ကြီးတည်ငြိမ်အေးချမ်းစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးငြိမ်းချမ်းလုံခြုံစွာ ဥမကွဲသိုက်မပျက်နေထိုင်နိုင်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို အတူလက်တွဲတည်ဆောက်သွားကြရန် ပြောကြားသည်။

ထို့နောက် လီဆူတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က လီဆူရိုးရာယဉ်ကျေးမှုနှစ်သစ်ကူးအကဖြင့် ဖျော်ဖြေကပြပြီး၊ (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ရရှိသူများကို ဆုများချီးမြှင့်ရာ ဘာသာ၊သာသနာဆိုင်ရာ ထူးချွန်ဆုရရှိသူများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း၊ ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်းတို့ကလည်းကောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများနှင့် စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆုရရှိသူများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng phang နော်တောင်တို့က လည်းကောင်း၊ မွေးမြူရေးထူးချွန်ဆုရရှိသူများနှင့်လူမှုရေးဆိုင်ရာထူးချွန်ဆုရရှိသူများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ဒေသမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများကလည်းကောင်း၊ အားကစားထူးချွန်ဆုရရှိသူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းကလည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ချီးမြှင့်ပေးအပ်ကြပြီး ရှမ်းပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ဆိုလာအစုံ ၂၅၀ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးကပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လက်ခံရယူသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့က ရှမ်းရိုးရာအကအလှများ၊ "ဝ"တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့က "ဝ"တို့ရိုးရာ "အေးဟာဟာ"သီချင်း၊ "ပအိုဝ်း" တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ပအိုဝ်းတိုင်းရင်းသားရိုးရာအိုးစည်ဗုံမောင်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ပြခန်းများဖွင့်ပွဲကျင်းပရာ ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်း၊ ဒေါက်တာကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့် Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များက ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဘုတ်ပြင်းမြို့ရှိ နယ်မြေခံတပ်နယ်များ၌ ရာသီသီးနှံစိုက်ပျိုးထားရှိမှု၊ နို့စားနွားနှင့် အသားတိုးနွားမွေးမြူထားရှိမှု၊ အသားတိုးဝက်၊ ဥစားဘဲနှင့် ကြက်မွေးမြူထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုး၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင် တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**



# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် အထီးလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်းလေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၆လခွဲသား အရွယ်တွင် အရပ်အမြင့် ၃ ပေ ၂ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၁၀ လက်မ၊ ကိုယ်အလေးချိန် ၃၆၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training"ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေးအသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသောစာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက်အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက်အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော်ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီးအောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီးအောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ်ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ်မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ်ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ်သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ဒိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ်ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ်ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ်သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ်အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ်ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီးအောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ်အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသောစာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ခြောက်ပဲ သုံးရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား တစ်ပဲ တစ်ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာဆက်သွယ်၍ ဌာပနာကုသိုလ်များကို နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများထံသို့ ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့ထိ လှူဒါန်းမှုစုစုပေါင်းမှာ ရွှေထည် ၁၀ ပိဿာနှစ်ကျပ်သား၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ငါးပိဿာ ၅၆ ကျပ်သား၊ ကျောက်မျိုးစုံ ၇၉ ပိဿာ ၂၅ ကျပ်သား၊ဓာတ်တော်မွေတော်၊ ပုလဲနှင့် ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များနှင့် အလှူငွေကျပ် ၇၆၀၉၀ ၂၈၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်းနှင့် အဆိုပါ ၈ ရက်နောက်ပိုင်းတွင် ကြိုတင်ပြင်ဆင်ရန်လုပ်ငန်းများရှိပါသဖြင့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာပစ္စည်းများကို လက်ခံခြင်းမရှိတော့ဘဲ လှူဒါန်းငွေများကိုသာ လက်ခံသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဖေဖော်ဝါရီ ၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၄၃၆ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၁၅ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဖေဖော်ဝါရီ ၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၉၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ကျိုင်းတုံမြို့၊ မြို့တော်ခန်းမနှင့် မြို့မအားကစားကွင်းတို့၌ ကျင်းပပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ထူးချွန်ဆုရရှိသူ တစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်း ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့အကျိုးဆောင် ဂုဏ်ပြုမှတ်တမ်းရရှိသူများ၊ စီမံထူးချွန်တံဆိပ်ရရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် တိုင်းမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့သဝဏ်လွှာကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်က ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံမှ ပေးပို့သည့် သဝဏ်လွှာအားလည်းကောင်း အသီးသီးဖတ်ကြားကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းပေါင်းစုံပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဂုဏ်ဆောင်နှင့် တက္ကသိုလ်ဂုဏ်ဆောင် စံပြကျောင်းသားလူငယ်များ၊ နည်းပြများ၊ မြို့အကျိုးဆောင် ဂုဏ်ပြုမှတ်တမ်းရရှိသူများ၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်)ရရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ညနေပိုင်းတွင် ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ်ဖျော်ဖြေရေး အခမ်းအနားကို တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားအလိုက် ခင်းကျင်းပြသထားသော ရိုးရာပြခန်းများအားလှည့်လည်ကြည့်ရှု၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ဘူးသီးတောင်မြို့နယ် ဝါးခုတ်ချောင်းကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဝါးခုတ်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဝါးခုတ်ချောင်းကျေးရွာရှိ တပ်ဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၅၈၂ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG နှင့် အမ်ထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရောဝတီရေတပ်စခန်းဌာနချုပ်၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ပြုလုပ်

ရောဝတီရေတပ်စခန်း ဌာနချုပ်၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ပြုလုပ်စဉ်။




**နေပြည်တော် ဖေဖော်ဝါရီ ၇**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များ အနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရောဝတီရေတပ်စခန်း ဌာနချုပ်ရှိ ဘောလုံးကွင်း၌ ပြုလုပ်ရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ ရောဝတီရေတပ်စခန်းဌာနချုပ်ရှိ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်အေးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် အသင်းများနှင့် အိုးစည်ဒိုးပတ်အဖွဲ့များကို ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ရောဝတီတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၁ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၅၀၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

# (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ဆင်းရှေလီကဇာတ်ရုံ၌ ကျင်းပပြုလုပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ဆင်းရှေလီကဇာတ်ရုံ၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌဦးမျိုးကျော်၊ လားရှိုးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့သဝဏ်လွှာကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ခွဲ (ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်က ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံမှပေးပို့သည့် သဝဏ်လွှာကိုလည်းကောင်း အသီးသီးဖတ်ကြားကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပညာရေးဆိုင်ရာဂုဏ်ပြုဆု၊ ကျန်းမာရေးဆိုင်ရာဂုဏ်ပြုဆု၊ အားကစားဆိုင်ရာဂုဏ်ပြုဆု၊ စိုက်ပျိုးရေးနှင့် လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မြောင်ဇီး၊ လီဆူ၊ ပလောင်တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာပြပွဲများကို လှည့်လည်ကြည့်ရှု၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် တည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ငယ်များဖြင့်ပစ်ခတ်မှုကြောင့် ဘုန်းကြီးတစ်ပါးပျံလွန်တော်မူပြီး အပြစ်မဲ့ပြည်သူ ရှစ်ဦးသေဆုံး၊နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ”** ခေါင်းစဉ်ဖြင့် ၈-၂-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံပိုင်အဆောက်အအုံများကို KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ ဘုရားဖူးပြန်လာသည့်မော်တော်ယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ဆရာတော် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့နယ်အတွင်း NUG၊ CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဘုရားဖူးပြန်လာသည့် မော်တော်ယာဉ်ကို လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သံဃာတော် တစ်ပါး အပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးသန်းထွေး မောင်းနှင်ပြီး ကလိန်အောင်မြို့ ရာဖူးသစ်ကျေးရွာ ဗုဒ္ဓသာသနာရက္ခိတကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌနှင့် တပည့်ဒါယကာ ရှစ်ဦးတို့သည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် ရာဖူးသစ်ကျေးရွာမှ ထားဝယ်မြို့ရှိ ဘုရားများကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ပြန်လည်ထွက်ခွာလာစဉ် ညနေ ၃ နာရီခန့်တွင် ကလိန်အောင်မြို့၏ တောင်ဘက် ၁၄ မိုင်ခန့်အကွာ နှမ်းကြဲကျေးရွာအနီးသို့အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့သဖြင့် ဆရာတော် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးကာ ခြောက်ဦးတို့တွင် လက်နက်ငယ်ကျည်များ ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါ သေဆုံး၊ ဒဏ်ရာရရှိသူများကို ထားဝယ်မြို့ ပရဟိတအသင်းမှ မော်တော်ယာဉ်ဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းလက်တွဲကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




**PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့သည့် ဘုရားဖူးပြန်လာသည့် မော်တော်ယာဉ် မှတ်တမ်းဓာတ်ပုံ။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာနေ စိုးနန္ဒာထွန်း(ခ)ဒါဒါသည် ၎င်းအသုံးပြုသည့် “Dar Dar” Tiktok အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စည်သာယာရပ်ကွက်နေ ဝင်းကျော်စိုးသည် ၎င်းအသုံးပြုသည့် “Win Kyaw Soe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာနေ မိုးဇော်ထွန်းသည် ၎င်းအသုံးပြုသည့် “Moelay Myanmar” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုးတားလေးကျေးရွာရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများအတွင်း ဝင်ရောက်အခြေပြု၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးလုပ်ငန်းများ ဆောင်ရွက်


**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဧရာဝတီမြစ်ကမ်းနံဘေးရှိ မိုးတားလေးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့် စာသင်ကျောင်းများအတွင်းသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်မှစ၍ အခိုင်အမာဝင်ရောက်နေထိုင်ကာ ဧရာဝတီမြစ်တစ်လျှောက်သွားလာသည့် စက်လှေငယ်များနှင့် ရေလုပ်ငန်းဆောင်ရွက်သူများကိုလည်းကောင်း၊ ရွှေကူ၊ မြို့လှ၊ ကသာလမ်းကြောင်းပေါ်ရှိ ကျေးရွာများမှ ပြည်သူလူထုများကိုလည်းကောင်း၊ အဓမ္မတားဆီးစစ်ဆေးခြင်း၊ ဆက်ကြေးကောက်ခြင်းနှင့် ဒလန်စွပ်စွဲ၍ သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြောင်း အကြမ်းဖက်မှုကို ဆန့်ကျင်လိုသည့် ဒေသခံပြည်သူများက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်သတင်းပို့လာသဖြင့် တပ်မတော်စစ်ကြောင်းတစ်ကြောင်းက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter Terrorism Operation) ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်ထိ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲ ခုနစ်ကြိမ် အပြင်းအထန်ဖြစ်ပွားခဲ့သည်။

ထပ်မံ၍ တပ်မတော်စစ်ကြောင်းများ အချိန်မီ စစ်ကူရောက်ရှိခြင်းနှင့် လေကြောင်းပစ်ကူ ရယူတိုက်ခိုက်ခြင်းတို့ကြောင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင်အကြမ်းဖက်သမားများသည် မိုးတားလေးကျေးရွာရှိ နေအိမ်တချို့ကို မီးရှို့ဖျက်ဆီးပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ပေးခြင်းကို အရေးပေါ်ဆောင်ရွက်ခြင်းနှင့် ကျေးရွာပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးအပြည့်အဝရယူပေးခြင်းတို့ ဆောင်ရွက်ခဲ့ရသည်။

တိုက်ပွဲများပြီးဆုံးပြီးနောက် ကျေးရွာအတွင်း လှည့်လည်စစ်ဆေးခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စာသင်ကျောင်းပရဝဏ်အတွင်း သဲအိတ်ဘန်ကာများ၊ မြေအောက်အပစ်ကတုတ်ကျင်းများ အခိုင်အမာတည်ဆောက်ခုခံခြင်း၊ စာသင်ခန်းများအတွင်း ပညာသင်ကြားနေသည့် ကလေးများအသုံးပြုသည့် စာရေးခုံများကို အသုံးပြု၍ သဲအိတ်များဖြင့်ဘန်ကာသဖွယ် အခိုင်အမာ စခန်းတည်ဆောက်ထားခြင်းအပြင် အဓိကခုခံခဲ့သည့် ရွာဦးစေတီတော်ကုန်းတစ်ဝိုက်၌လည်း စေတီပုထိုးများ အကာအကွယ်ဖြင့်လည်းကောင်း၊ သံဃာနှင့် ကပ္ပိယအိပ်ဆောင်များ၌ လည်းကောင်း၊ သဲအိတ်များစီ၍ ခုခံခဲ့သည့် အနေအထား

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အခိုင်အမာဝင်ရောက်နေထိုင်သည့် မိုးတားလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ဘုရားကုန်းနေရာပြပုံ။




ကျောင်းပျက်စီးမှုများကို ပြန်လည်ပြုပြင်ပေးခြင်း၊ စာသင်ကျောင်းနှင့် ကျေးရွာတစ်ဝိုက်တို့ကို မိုင်းရှင်းလင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး စေတီပုထိုးနှင့် သံဃာအိပ်ဆောင်များ ပြန်လည်ပြုပြင်ပေးခြင်းများကို ကျေးရွာသူ၊ ကျေးရွာသားများနှင့် အတူဆောင်ရွက်ပေးခဲ့ကာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ လိုအပ်သည်များ ရှင်းလင်းပြောကြားရေးတပ်ဖွဲ့ဝင်များကို ပညာရေးဆိုင်ရာ အဆောက်အအုံများ၊ ကျေးရွာများအတွင်း ဘုန်းတော်ကြီးကျောင်းများနှင့် လူနေအိမ်များကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများအတွင်း ရည်ရွယ်ချက်ရှိစွာဖြင့် စခန်းချအခြေပြု အကာအကွယ်ယူတိုက်ခိုက်ခြင်းများသည် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာနေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်





KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အကာအကွယ်ရယူ ပစ်ခတ်ခဲ့သည့် မိုးတားလေးကျေးရွာအနီးရှိ ဘုရားကုန်း မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အကာအကွယ်ရယူ ပစ်ခတ်ခဲ့သည့် မိုးတားလေးကျေးရွာအနီးရှိ ဘုရားကုန်းကိုတွေ့ရစဉ်။

တိုက်ပွဲများဖြစ်ပွားစဉ်အတွင်း အကြမ်းဖက်သမားများအနေဖြင့် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများ၊ ကျေးရွာစာသင်ကျောင်းများရှိ သဲအိတ်ဘန်ကာများ၊ မြေအောက်ကတုတ်ကျင်းများ အတွင်းမှ တပ်မတော်စစ်ကြောင်းကို အပြင်းအထန်ပြန်လည်ပစ်ခတ်ခြင်း၊ နီးစပ်ရာ ဦးဆောင်လှုပ်ရှားနေသည့် PDF အဖွဲ့များက ဆိုင်ကယ်၊ ကားများဖြင့် အင်အားဖြည့်တင်းလျက် ပြန်လည်ပစ်ခတ်ခဲ့သကဲ့သို့ ကျေးရွာသူ၊ ကျေးရွာသားများကိုလည်း လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထုတ်ပြန်ထားသည့်အတိုင်း ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement -ROE)နှင့်အညီ တိကျစွာလိုက်နာပြီး အရပ်သားပြည်သူများ၊ ကျေးရွာများရှိ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများကို အတတ်နိုင်ဆုံး ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ တိုကိုတွေ့ရှိခဲ့သဖြင့် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ကျောင်းဝင်းအတွင်းနှင့် စာသင်ခန်းများအတွင်းရှိ ဘန်ကာများနှင့် စေတီကုန်းတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ခဲ့သည်။ အဆိုပါ အခိုင်အမာစခန်းများ ပြုလုပ်မှုအတွက် အကြမ်းဖက်အုပ်စုတို့က ရွာသူ၊ ရွာသားများကို အဓမ္မနည်းဖြင့် ခြိမ်းခြောက် ဆောင်ရွက်စေခဲ့ကြောင်းကိုလည်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် လုံခြုံ



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုးတားလေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ခံစစ်စခန်းသဖွယ်ဆောက်လုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး၍ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သတင်းထုတ်ပြန်အပ်ပါသည်။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုးတားလေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများအတွင်း သဲအိတ်ဘန်ကာများ ဆောက်လုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

# ပီရူးနိုင်ငံတောင်ဘက်ပိုင်းတွင် မြေပြိုကျမှုကြောင့် လူရှစ်ဦးသေဆုံး



**လီမာ ဖေဖော်ဝါရီ ၇**

ပီရူးနိုင်ငံတောင်ဘက်ပိုင်းတွင် ဖေဖော်ဝါရီ ၆ ရက်က မြေပြိုကျမှုကြောင့် လူရှစ်ဦး သေဆုံးကာ ပျောက်ဆုံးနေသူ အများအပြားရှိနေကြောင်း ပီရူးအာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေပြိုကျမှုသည် ပီရူးနိုင်ငံတောင်ဘက်ပိုင်း အရီကွီပါနယ်မြေတောင်ဘက်ပိုင်း၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုစင်တာက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပျောက်ဆုံးနေသူများကိုရှာဖွေပေးလျက်ရှိပြီး ပျက်စီးခဲ့သည့်နေအိမ်များမှ ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းပေးလျက်ရှိကြောင်း၊ ပျောက်ဆုံးနေသူလူဦးရေအတိအကျကို စိစစ်ဖော်ထုတ်နိုင်ခြင်း မရှိသေးသော်လည်း ခန့်မှန်းချက်အရ ပျောက်ဆုံးနေသူ ငါးဦးထက်မနည်း ရှိနေကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးစင်တာက ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သော ရက်သတ္တပတ်က ပီရူးနိုင်ငံတောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး မိုးရွာသွန်းထားသည့် အခြေအနေကြောင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပီရူးအာဏာပိုင်အဖွဲ့အစည်းက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရဟတ်ယာဉ်များအသုံးပြုခွင့်ပေးထားပြီး ဘေးလွတ်ရာရွှေ့ပြောင်းထားရသည့် ဒေသခံများအတွက် လိုအပ်သည့်အစားအသောက်များ၊ အဝတ်အထည်များနှင့် အိပ်ရာများကိုလည်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးစင်တာက ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်းဆက်**

# မိုးခေါင်ရေရှားမှုကြုံတွေ့နေရသော ဆိုမာလီယာနိုင်ငံကို ဂျပန်နိုင်ငံက လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ကန်ဒေါ်လာသုံးသန်းပံ့ပိုး

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၇**

ဆိုမာလီယာနိုင်ငံတွင် မိုးခေါင်ရေရှားမှုဒဏ်ကြုံတွေ့နေရပြီး အကူအညီလိုအပ်လျက်ရှိသောဒေသများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများဆောင်ရွက်နိုင်ရန် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာသုံးသန်းကိုကမ္ဘာ့ကျန်းမာရေးအဖွဲ့မှတစ်ဆင့် ဖေဖော်ဝါရီ ၆ ရက်တွင် ပံ့ပိုးခဲ့သည်ဟု Relif Web သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အဆိုပါပံ့ပိုးမှုကို ဆိုမာလီယာရပ်ရွာလူထုအခြေပြု ကျန်းမာရေးနှင့် အာဟာရဆိုင်ရာဆောင်ရွက်ချက်များ အားကောင်းစေရန်အပြင် ဝေးလံသောဒေသများရှိ ကျန်းမာရေးလက်လှမ်းမမီသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ရည်ရွယ်ကြောင်း ဂျပန်အစိုးရက ကြေညာခဲ့သည်။

"ဒီရန်ပုံငွေနဲ့ မိုးခေါင်ရေရှားမှုနဲ့ စားနပ်ရိက္ခာမလုံလောက်မှု အကျပ်အတည်းကြောင့် ထိခိုက်ခံစားနေရတဲ့ ဆိုမာလီယာပြည်သူတွေကို အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မဲ့အပြင် အမျိုးသမီးနဲ့ ကလေးတွေရဲ့ အနာဂတ်ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်လာစေမှာဖြစ်ပါတယ်"ဟု ဆိုမာလီယာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Ken Okaniwa က ပြောကြားခဲ့သည်။

အဆိုပါ ရန်ပုံငွေပံ့ပိုးမှုကြောင့် ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည် ဦးရေ ၃၀၀၀၀၀ ကျော်အပါအဝင် ထိခိုက်လွယ်သူ အမျိုးသမီးနှင့် ကလေး ၂ ဒသမ ၇၈ သန်းအတွက် ကျန်းမာရေး စောင့်ရှောက်မှုအထောက်အပံ့အကျိုးကျေးဇူးများ ရရှိရန်မျှော်လင့်ကြောင်း ဆိုမာလီယာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုယ်စားလှယ် ဒေါက်တာ Mamunur Rahman Malik က ပြောကြားခဲ့သည်။



ဆိုမာလီယာနိုင်ငံတွင် အာဟာရချို့တဲ့မှု၊ ဝက်မွှတ်ခေါင်းပါးမှုတို့ကြောင့် သေဆုံးရသူများပြားလျက်ရှိပြီး အဆိုပါအခြေအနေများမှကာကွယ်ရန် ဂျပန်အစိုးရကဲ့သို့ အလှူရှင်များနှင့် တတ်နိုင်သမျှ ညှိနှိုင်းဆောက်ရွက်၍ တုံ့ပြန်မှုများလုပ်ဆောင်ပါက အသက်ထောင်ပေါင်းများစွာကို ကယ်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆိုမာလီယာအစိုးရကို တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

AZH

# ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် စံချိန်တင်လောင်စာဆီသုံးစွဲနေမှုများကိုတားမြစ်ရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးပညာရှင်များ တိုက်တွန်း

**ကရာချိ ဖေဖော်ဝါရီ ၇**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တော်တွင် စံချိန်တင်လောင်စာဆီသုံးစွဲနေမှုများကို တားမြစ်ရန်၊ ကရာချိမြို့တော်တစ်ခွင်တွင် လေထုအရည်အသွေး စောင့်ကြည့်မှုစနစ်များတပ်ဆင်ရန်၊ လေထုညစ်ညမ်းစေသော စက်မှုလုပ်ငန်းများကို ပိတ်ရန်၊ လေထုညစ်ညမ်းစေသောယာဉ်များကို ဒဏ်ကြေးချမှတ်ရန်၊ အမှိုက်ကို နည်းလမ်းတကျစွန့်ပစ်ရန်၊ မြို့တော်အတွင်း စက်မှုလုပ်ငန်းများထူထောင်ခြင်းကို တားမြစ်ရန် ဖေဖော်ဝါရီ ၆ ရက်ကကျင်းပသော ကရာချိလူမှုအဖွဲ့အစည်း နှီးနှောဖလှယ်ပွဲတွင် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးပညာရှင်များက အစိုးရကို တိုက်တွန်းခဲ့ကြောင်း The News International သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ကရာချိလူမှုအဖွဲ့အစည်းက စီစဉ်သော အဆိုပါနှီးနှောဖလှယ်ပွဲသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး ကမ္ဘာ့လေထုအညစ်ညမ်းဆုံးအဖြစ် သတ်မှတ်ခံထားရသည့် ကရာချိမြို့တော်၏ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပညာရှင်များက တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ကရာချိမြို့သည် လာဟိုးမြို့ကဲ့သို့ မီးခိုးမြူများဖုံးလွှမ်းနေခြင်း မရှိသောကြောင့် ဒေသခံများနှင့် သဘာဝပတ်ဝန်းကျင်အာဏာပိုင်များက အဆိပ်သင့်နေသောလေထုအရည်အသွေးကို လျစ်လျူရှုနေကြောင်း ပညာရှင်များက အဆိုပါနှီးနှောဖလှယ်ပွဲ၌ ပြောကြားခဲ့သည်။

ကရာချိမြို့တွင် ကျန်းမာရေးပြဿနာများ တစ်နေ့တခြားတိုးပွားလာနေကြောင်းနှင့် မြို့တော်သည် သန့်ရှင်းသောသောက်သုံးရေမရရှိခြင်း၊ သန့်ရှင်းသောမိလ္လာစနစ်မရှိခြင်းတို့အပြင် ယခုအခါအဆိပ်သင့်နေသောလေထုကြောင့် ဒေသခံများ၏အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်သူ ဒေါက်တာ Kulsum Ahmed က ပြောကြားခဲ့သည်။

AZH

# ဖီဂျီနိုင်ငံ ဒါဗူလီဗူနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**ဆူဗာ ဖေဖော်ဝါရီ ၇**

ဖီဂျီနိုင်ငံ ဒါဗူလီဗူနယ်မြေတွင် ဖေဖော်ဝါရီ ၅ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဖေဖော်ဝါရီ ၆ ရက်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဖီဂျီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Fiji Sun သတင်းဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားရပြီး လမ်းမကြီးတချို့ရေမြုပ်ကာ မော်တော်ယာဉ်တချို့ပျက်စီးခဲ့ရကြောင်း၊ ရေမြုပ်နေသည့်လမ်းမကို မော်တော်ယာဉ်ဖြင့်ဖြတ်သန်းစဉ် ယာဉ်မတော်တဆမှုကြောင့် အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရသည့် ဒေသခံခြောက်ဦးရှိခဲ့ပြီး အချိန်မီကယ်ထုတ်နိုင်ခဲ့ခြင်းကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒါဗူလီဗူနယ်မြေမှာ ဖေဖော်ဝါရီ ၆ ရက်က စတင်ပြီးတော့ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပါတယ်။ ရေကြီးရေလျှံမှုကြောင့် နေအိမ်တချို့ရေမြုပ်နေတယ်။ လမ်းမကြီးတချို့လဲရေမြုပ်နေတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးတွေပြတ်တောက်နေပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ဧရိယာတွေကတော့ ကုန်းနိမ့်ပိုင်းဧရိယာတွေ ဖြစ်ပါတယ်။ မိုးဆက်လက်ရွာသွန်းဖွယ်ရှိနေတဲ့အတွက် ရေကြီးရေလျှံမှုဟာ ကာလတစ်ခုထိ ကြာမြင့်နိုင်ပါတယ်"ဟု ဖီဂျီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ ရေမြုပ်ပြီးတော့ မော်တော်ယာဉ်တစ်စီး ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပါတယ်။ ဒေသခံအမျိုးသမီးရဲ့ ရဲရဲဝံ့ဝံ့ကူညီပေးနိုင်မှုကြောင့် မော်တော်ယာဉ်အတွင်းက လူခြောက်ယောက်စလုံး အသက်ဘေးကနေ လွတ်မြောက်ခဲ့ပါတယ်။ အန္တရာယ်ရှိတဲ့အတွက် ရေမြုပ်နေတဲ့ လမ်းမကြီးတွေမှာ မော်တော်ယာဉ်တွေအသုံးမပြုကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု ကွီလီမူမူ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# နယူးဇီလန်နိုင်ငံတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် နေအိမ်တချို့ပျက်စီး

**ဝယ်လင်တန် ဖေဖော်ဝါရီ ၇**

နယူးဇီလန်နိုင်ငံ အနောက်ဘက်ကမ်းခြေဒေသတစ်ခုဖြစ်သော ဂရေးမောက်ကောင်တီ ကော့ဘ်ဒင်ဧရိယာ၌ ဖေဖော်ဝါရီ ၆ ရက် အစောပိုင်းက အားကောင်းသည့် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် နေအိမ်တချို့ပျက်စီးသွားခဲ့ကြောင်း ဂရေးမောက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Stuff သတင်းဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းကြောင့် သစ်ပင်ကြီးတချို့လဲကျမှု ဖြစ်ပွားခဲ့ပြီး လမ်းပိတ်ဆို့မှုများလည်းဖြစ်ပေါ်ခဲ့သည့်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲရှိနေကြောင်း သိရသည်။

"လေဆင်နှာမောင်းက အားကောင်းတယ်။ အိမ်ခေါင်မိုးတွေ၊ အိမ်နံရံတွေ ပျက်စီးသွားခဲ့တယ်။ အိမ်ပျက်စီးသွားတဲ့သတင်းကြောင့် ကယ်ဆယ်ရေးဝန်ထမ်းတွေ ရောက်ရှိလာတယ်။ ကွာကျတဲ့အိမ်ခေါင်မိုးတွေ၊ အိမ်ပြတင်းပေါက်တွေကိုကယ်ဆယ်ရေးဝန်ထမ်း ၁၈ ယောက်က ချက်ချင်းလာရောက်ပြင်ဆင်ပေးနေပါတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ သောမတ်စ်က ပြောကြားခဲ့သည်။

လေဆင်နှာမောင်းကြောင့် နေအိမ်များ၏ အိမ်ခေါင်မိုးများ ကွာကျမှုဖြစ်ပေါ်ခဲ့ပြီး ပျက်စီးမှုအများဆုံးဖြင့် ရင်ဆိုင်ခဲ့ရသော နေအိမ်မှာ သောမတ်စ်အမည်ရှိ ကော့ဘ်ဒင်ဒေသခံ၏ နေအိမ်ဖြစ်ပြီး ၎င်း၏နေအိမ်ကို ကယ်ဆယ်ရေးဝန်ထမ်း ၁၈ ဦးက ပြင်ဆင်မွမ်းမံမှုများပြုလုပ်ပေးနေကြောင်း ဂရေးမောက်ကောင်တီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဖေဖော်ဝါရီ ၆ ရက်အစောပိုင်းမှာ အားကောင်းတဲ့ လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီးတဲ့နောက် မိုးရွာသွန်းမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်ဟာ ၅၀ မီလီမီတာကနေ ၇၀ မီလီမီတာထိ မြင့်တက်နေပါတယ်။ မိုးရေချိန်ဟာ ၁၀၀ မီလီမီတာကနေ ၁၅၀ မီလီမီတာထိ မြင့်တက်လာနိုင်ပါတယ်။ မိုးရေချိန်မြင့်တက်လာတာနဲ့အမျှ ရေကြီးရေလျှံမှုတွေလဲ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါတယ်"ဟု နယူးဇီလန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# မျက်မြင်သက်သေနှင့် ဆရာဝန်၏ထင်မြင်ချက်နှိုင်းယှဉ်သုံးသပ်ရာတွင်

**စိန်လှိုင်ပိုင်**

ပြစ်ဒဏ်စီရင်ချက်ချမှတ်ရာတွင် ကျွမ်းကျင်သူပါရဂူ၊ ဆရာဝန် စသည်တို့၏ ထင်မြင်ချက်ကို အလေးပေးစဉ်းစားရကြောင်း ယခင်က ရေးသားခဲ့ဖူးသည်။ ထင်မြင်ယူဆချက်သည် ယုံကြည်စိတ်ချရသော မျက်မြင်သက်သေတို့၏ အမှန်တကယ်တွေ့မြင်ခဲ့ရသော ဖြစ်ရပ်အမှန်ကို လွှမ်းမိုးခြင်းပြုနိုင်၊ မပြုနိုင်ဟူသောပြဿနာနှင့်ပတ်သက်၍လည်း ရေးသားခဲ့ဖူးသည်။ စီရင်ထုံးကိုအခြေခံ၍ ရေးသားခဲ့ခြင်းဖြစ်သည်။ ၁၉၆၆ စီရင်ထုံးတွင် တရားသူကြီး ဦးသက်ဖေ၏ ဆင်ခြင်သုံးသပ်ဆုံးဖြတ်ချက်သည် ဥပဒေပညာလိုက်စားသူများအတွက် ဗဟုသုတရရှိစေနိုင်သည့်အတွက် အသစ်တစ်ဖန်ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**


၁၉၆၅ ခုနှစ် ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီခန့်တွင် တောင်ငူခရိုင် မြို့လှရဲစခန်းအပိုင် ကျွန်းပင်စုရွာနေ ကိုဦးသည် ၎င်း၏အိမ်ဦးခန်းတွင်ထိုင်၍ ပိုက်ကွန်ရက်နေသည်။ ဇနီး မအုန်းခင်က ခြေရင်းခန်း၌ ဆန်ပြာလျက်ရှိပြီး မအုန်းခင်၏ယောက်မဖြစ်သူ မအပျိုသည် ရောက်ရှိလာပြီး ကိုဦးနှင့် မအုန်းခင်တို့ကြားတွင်ထိုင်ကာ အထည်ထုပ်သည့်အကြောင်းကို ပြောဆိုနေသည်။ ထိုစဉ် ကိုဦးနှင့် အိမ်နီးချင်းဖြစ်သည့် မောင်ကျော်လှသည် ကိုဦးအိမ်ပေါ်သို့တက်လာပြီး ကိုဦး၏အနီးသို့ရောက်သောအခါ မည်သို့မျှပြောဆိုခြင်းမပြုဘဲ ၎င်းထံ၌ပါလာသော ဓားဆူးဖြင့် ကိုဦးကို တစ်ချက်ထိုးကာ ပြန်လည်ထွက်ပြေးသည်။ ကိုဦးက အနီးရှိ လှံစွပ်ဓားဖြင့် လှမ်းပေါက်လိုက်ရာ မောင်ကျော်လှ၏ နောက်ကျောသို့ စိုက်ဝင်သွားသည်။ ဓားတန်းလန်းဖြင့် ၎င်း၏အိမ်ဘက်သို့ပြန်ပြေးသွားရာ ကိုဦးသည် လှေကားရင်းထိရောက်အောင် ဆင်းလိုက်သော်လည်း ဆက်မလိုက်နိုင်ဘဲ မြေကြီးပေါ်၌ လဲသွားသည်။ ကိုဦးသေဆုံးသွားပါသည်။

မောင်ကျော်လှအပေါ် ရာဇသတ်ပုဒ်မ-၃၀၂(၂) အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော တောင်ငူမြို့၊ အထူး(စက်ရှင်) တရားသူကြီး၏စီရင်ချက်ကို မကျေနပ်သောကြောင့် နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင်ရောက်လာသောအခါ တရားသူကြီး ဦးသက်ဖေက စီရင်ဆုံးဖြတ်ခဲ့သောအမှုဖြစ်သည်။

အချင်းဖြစ်ပွားပုံအလုံးစုံကို တွေ့မြင်ကြရသည့် မအုန်းခင်နှင့် မအပျိုတို့သည် ကိုဦးကို မောင်ကျော်လှက ဓားနှင့်ထိုးသွားကြောင်း အော်ဟစ်အကူအညီတောင်းသည်။ ရာအိမ်မှူး ကိုလွန်းမောင်နှင့် အခြားရွာသားများလာရောက်ကြည့်ရှုသောအခါ ကိုဦးမှာ ဓားဒဏ်ရာနှင့် စကားမေးမရဘဲ ရှိနေသည်။ ကိုလွန်းမောင်သည် ကိုဦးအိမ်သို့မရောက်မီ ဓားမတစ်ချောင်းကိုင်လျက်ထွက်လာသည့် မောင်ကျော်လှနှင့်ဆုံမိသဖြင့် မောင်ကျော်လှ၏ဖခင် ဦးတင်အိမ်သို့ပို့ခဲ့ပြီးမှ ကိုဦးအိမ်သို့ သွားရောက်ကြည့်ရှုခဲ့သည်။ ကိုလွန်းမောင်ကို မောင်ကျော်လှက ၎င်းသည် ကိုဦးကို ဓားနှင့်ထိုးခဲ့ကြောင်းပြောခဲ့သည်ကို အမှုတွင် ပေါ်ပေါက်သည်။ ဒဏ်ရာရသည့် ကိုဦးနှင့် မောင်ကျော်လှတို့ကို မြို့လှရဲစခန်းသို့ သီးခြားထမ်းစင်များနှင့်ယူလာရာ လမ်း၌ ကိုဦးသေဆုံးသွားသည်။

အလောင်းကိုစစ်ဆေးသည့် ဆရာဝန် ဦးကျော်ကျော်က ကိုဦး၏ ပခုံးမန်ရိုးကြားတွင် ဓားထိုးဒဏ်ရာတစ်ခုကိုတွေ့ရပြီး ထိုဒဏ်ရာတွင်းမှ အရိုးမပါ အသွားနှစ်ဖက်ရှိ ဓားမြှောင်တစ်ချောင်းရရှိကြောင်း၊ ထိုဒဏ်ရာကြောင့် နှလုံးကိုထိသဖြင့် မုတ်ချသေစေမည့် ဒဏ်ရာတစ်ခုဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ အထက်ပါ သက်သေအထောက်အထားများအရ မောင်ကျော်လှကို ရာဇသတ်ပုဒ်မ-၃၀၂ အရ စွဲချက်တင်ခဲ့သည်။

မောင်ကျော်လှက ထုချေရာတွင် အချင်းဖြစ်နေ့က ဇနီး မမြနှင့်အတူ မြက်ရိတ်ရန်အတွက်လာစဉ်




ကိုဦးက လှမ်းခေါ်သဖြင့် ၎င်းတစ်ယောက်တည်း ကိုဦးအိမ်သို့ဝင်သွားကြောင်း၊ ကိုဦးအနီးတွင် ထိုင်မိသောအခါ ကိုဦးက လှံစွပ်ဓားနှင့်ထိုးလိုက်ကြောင်း၊ ကြောက်အားလန့်အားနှင့် အနီးရှိ ဓားကိုကောက်ကာ ထိုးလိုက်မိကြောင်း ထုချေသော်လည်း တရားရုံးက ၎င်း၏ထုချေချက်ကို လက်မခံဘဲ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

**နိုင်ငံတော်တရားရုံးချုပ်၏ စီရင်သုံးသပ်ဆုံးဖြတ်ချက်**

ယခုအမှုတွင် မောင်ကျော်လှ၏ နောက်ကျော၌ လှံစွပ်ဓားဒဏ်ရာရခဲ့သည်ဆိုသောအချက်မှာ အငြင်းမပွားသောအချက်ဖြစ်ကြောင်း၊ ထိုသို့ဒဏ်ရာရရှိခဲ့ခြင်းနှင့်ပတ်သက်၍ မောင်ကျော်လှသည် ကိုဦးကို စတင်ဓားနှင့်ထိုးပြီးလှည့်အပြေးတွင် ကိုဦးက လှံစွပ်ဓားဖြင့် ပစ်လိုက်သောကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း တရားလိုဘက်က တင်ပြခဲ့သည်။ မောင်ကျော်လှကမူ မိမိကို ကိုဦးက စတင်၍ လှံစွပ်ဓားဖြင့် နောက်ကျောကိုထိုးသောကြောင့် ပြန်လည်ခုခံရင်း အနီးရှိတွေ့ရာဓားဖြင့်ထိုးခဲ့ကြောင်း ထုချေခဲ့သည်။ သို့ဖြစ်၍ နှစ်ဖက်တင်ပြချက်များအနက် မည်သည့်တင်ပြချက်သည် မှန်ကန်သောတင်ပြချက်ဖြစ်သည်ဟု ဝေဖန်ဆန်းစစ်ရန်လိုကြောင်း တရားသူကြီး ဦးသက်ဖေက ဆင်ခြင်သုံးသပ်ခဲ့သည်။

မျက်မြင်သက်သေများဖြစ်ကြသည့် မအုန်းခင်နှင့် မအပျိုတို့က မောင်ကျော်လှအိမ်ပေါ်သို့တက်လာပြီး ထိုင်၍ ပိုက်ကွန်ရက်နေသော ကိုဦးကို တစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ ဓားဖြင့်ထိုးကြောင်း၊ ထိုသို့ထိုးပြီးလှည့်အပြေးတွင် ကိုဦးက လှံစွပ်ဓားဖြင့် ကောက်ပစ်လိုက်ရာ မောင်ကျော်လှ၏နောက်ကျောတွင် စိုက်ဝင်သွားကြောင်း တိကျစွာထွက်ဆိုသွားကြသည်။ ၎င်းတို့သည် အယူခံတရားလို မောင်ကျော်လှအပေါ် မဟုတ်မတရားထွက်ဆိုကြရန်အကြောင်းမရှိဘဲ မောင်ကျော်လှက အချင်းဖြစ်ပွားသောအချိန်တွင် ကိုဦးအိမ်၌ ကိုဦးတစ်ယောက်သာရှိပြီး အခြားမည်သူမျှမရှိဟုဆိုသော်လည်း အချင်းဖြစ်ပွားပြီးနောက် ချက်ချင်းပင် အမျိုးသမီးများ၏ အော်ဟစ်သံများကို ကြားရကြောင်း ရာအိမ်မှူး ကိုလွန်းမောင်က ထွက်ဆိုသွားသောကြောင့် အယူခံတရားလို မောင်ကျော်လှ၏ ငြင်းဆိုချက်မှာ မှန်ကန်ခြင်းမရှိဘဲ မအုန်းခင်နှင့် မအပျိုတို့ထွက်ချက်များမှာ မှန်ကန်ကြောင်း တရားသူကြီးက ဆင်ခြင်သုံးသပ်ခဲ့သည်။

သို့ရာတွင် ကိုဦးက စတင်၍ လှံစွပ်ဓားနှင့်ထိုးသောကြောင့် အနီးရှိ ဓားမြှောင်ဖြင့် ပြန်လည်ထိုးခဲ့ရသည်ဆိုသော အယူခံတရားလို မောင်ကျော်လှ၏ ထုချေချက်ကို ဆရာဝန် ဦးကျော်ကျော်က သွယ်ဝိုက်၍ ထောက်ခံထားသဖြင့် လေးလေးနက်နက်စဉ်းစားရန် လိုကြောင်း၊ ဆရာဝန်က အယူခံတရားလို၏နောက်ကျောတွင် ရရှိခဲ့သော ဒဏ်ရာမှာ လှံစွပ်ဓားဖြင့်ထိုးမှသာရမည်။ လှမ်းပေါက်၍မရနိုင်ဟု ထင်မြင်ချက်ပေးထားသည်။

ဆရာဝန်တစ်ဦး၏ ထင်မြင်ချက်သည် ဒဏ်ရာအနေအထားကိုကြည့်လျက် မည်သို့မည်ပုံရရှိခဲ့သည်၊ မည်သည့်လက်နက်ကြောင့်ရရှိခဲ့သည်ဟု အတွေ့အကြုံများအရ ကောက်ယူချက်သာဖြစ်ကြောင်း၊ ၎င်း၏ထင်မြင်ချက်ကို လက်ဗွေပါရဂူ၊ လက်နက်ပါရဂူ စသည့် ပါရဂူတို့၏ ထင်မြင်ချက်များနည်းတူ အလေးပေး၍စဉ်းစားရမည်ဆိုခြင်းမှာ မှန်ကြောင်း၊ သို့ရာတွင် **ပုထုဇဉ်တို့မည်သည် မမှားသောသူဟူ၍ မရှိနိုင်ကြောင်း၊ ဆရာဝန်၏ထင်မြင်ယူဆချက်သည် အစါဇပ်သိမ်းမှန်သည်ဟုမဆိုနိုင်ကြောင်း** စိစစ်သုံးသပ်ခဲ့သည်။

**ဆရာဝန်၏ထင်မြင်ယူဆချက်သည် ယုံကြည်စိတ်ချရသော မျက်မြင်သက်သေတို့၏ အမှန်တကယ်တွေ့မြင်ခဲ့ရသည့် ဖြစ်ရပ်အမှန်ကို လွှမ်းမိုးခြင်းမပြုနိုင်ကြောင်း၊ မျက်မြင်သက်သေတို့၏ထွက်ချက်မှာ စိတ်ချယုံကြည်ရပါမူ ထိုထွက်ချက်များကို ဆန့်ကျင်နေသည့် ဆရာဝန်၏ထင်မြင်ချက်ကို ပယ်ရမည်ဖြစ်ကြောင်း ဂူလန်နှင့် နိုင်ငံတော် အေအိုင်အာရ် ၁၉၅၀ လာဟိုး ၁၄၉ နှင့် သာကူးနှင့် နိုင်ငံတော် အေအိုင်အာ ၁၉၅၅ အလာဟာဘတ် ၁၈၉ စီရင်ထုံးများကို ရည်ညွှန်းခဲ့သည်။**

ယခုအမှုတွင် သေသူ ကိုဦးသည် ဒဏ်ရာရပြီးနောက် ထိုင်ရာမှထကာ လှေကားမှ မြေကြီးအရောက်အကူအညီမဲ့ဆင်းလာနိုင်ပြီး လှေကားရင်းရောက်မှ လဲသွားကြောင်း ပေါ်လွင်လျက်ရှိသော်လည်း ဆရာဝန်က ကိုဦးသည် ရရှိခဲ့သောဒဏ်ရာအရဆိုလျှင် တစ်မိနစ်၊ နှစ်မိနစ်အတွင်းသေရမည်။ အနည်းအကျဉ်းမျှပင် လမ်းလျှောက်နိုင်မည်မဟုတ်ဟု ထင်မြင်ချက်ပေးခဲ့သောကြောင့် ၎င်း၏ထင်မြင်ချက်သည် တကယ့်ဖြစ်ရပ်နှင့် ကိုက်ညီခြင်းမရှိဘဲ ကွဲလွဲသည်မှာ ထင်ရှားကြောင်း၊ ထို့ပြင် ဤအမှုမှ ဆရာဝန်သည် လုပ်သက်လေးနှစ်သာရှိသေးသဖြင့် အတွေ့အကြုံများစွာရှိသေးဟန်မတူကြောင်း၊ သေသူ ကိုဦးက လှမ်းပေါက်လိုက်၍ လှံစွပ်ဓားသည် အယူခံတရားလို မောင်ကျော်လှ၏ နောက်ကျောတွင် ကိုင်၍ထိုးလိုက်သည့်အတိုင်း အခန့်သင့်စူးဝင်သွားသည်ဆိုခြင်းမှာ သဘာဝအရ မဖြစ်နိုင်ဟုဆိုရန်ခဲယဉ်းကြောင်း၊ သို့ဖြစ်၍ မျက်မြင်သက်သေများဖြစ်ကြသည့် မအုန်းခင်နှင့် မအပျိုတို့၏ ထွက်ဆိုချက်များနှင့် ဖီလာဖြစ်နေသော ဆရာဝန်၏ထင်မြင်ချက်ကို လက်ခံရန်အကြောင်းမရှိကြောင်း တရားသူကြီး ဦးသက်ဖေက ဆင်ခြင်သုံးသပ်ခဲ့သည်။

အထက်ပါအကြောင်းအရပ်များကြောင့် အယူခံတရားလို မောင်ကျော်လှသည် ရာဇသတ်ပုဒ်မ-၃၀၂ (၂) အရ အပြစ်ရှိသည်ဆိုသော အောက်ရုံး၏ကောက်ယူချက်မှာ မှန်ကန်သည်ဟု ယူဆရမည်ဖြစ်ရာ ၎င်းအပေါ် ချမှတ်ခဲ့သည့်ပြစ်ဒဏ်မှာလည်း ကြီးလေးသည်ဟုမဆိုနိုင်၍ ၎င်း၏အယူခံကို ပလပ်လိုက်သည်။

အထက်ပါစီရင်ထုံးက ညွှန်ပြသည်မှာ မှုခင်းဖြစ်ပွားရာတွင် မျက်မြင်သက်သေများ၏ ခိုင်လုံသော ထွက်ဆိုချက်နှင့် ဆရာဝန်က သေသူ၏ဒဏ်ရာအပေါ် ကြည့်ရှုသုံးသပ်၍ ထင်မြင်ချက်ပေးရာတွင် ကွဲလွဲမှုများရှိနေပါက ယုံကြည်စိတ်ချရသော မျက်မြင်သက်သေတို့၏ အမှန်တကယ်တွေ့မြင်ရသော ဖြစ်ရပ်အမှန်ကို လွှမ်းမိုးခြင်းမပြုနိုင်ကြောင်း ညွှန်ပြခဲ့ခြင်းဖြစ်သည်။ မောင်ကျော်လှ (အယူခံတရားလို)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်-၃၇၄ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# လဲချားမြို့နယ် ဖွေးဟိုင်းကျေးရွာ၌ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**လဲချား ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က လဲချားမြို့နယ် ဖွေးဟိုင်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ ဒေသနှင့်ကိုက်ညီသော သင်တန်းများ ဖွင့်လှစ်ပေးရန်အတွက်ရည်ရွယ်၍ ယခုလို သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လွိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထင်က သင်တန်းဆိုင်ရာ အချက်အလက်များကို ပြောကြားပြီး သင်တန်းနည်းပြဆရာ၊ ဆရာမနှစ်ဦးက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ လဲချားမြို့နယ် အတွင်းရှိ ဖွေးဟိုင်းကျေးရွာအပါအဝင် ကျေးရွာ ငါးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာ၊ ဆရာမများက ယိုမျိုးစုံ၊ ဝိုင်နှင့် ဖျော်ရည် စသည့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်နည်း ၁၃ မျိုးကို စာတွေ့၊ လက်တွေ့ဖြင့် ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်ထိ ၁၆ ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းထံမှ သိရသည်။

**အေးသူ**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၂၂၀၄၈ ဧက စိုက်ပျိုးပြီးစီး



**ကောလင်း ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၂၂၀၄၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၂၄၇၆၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုန်ညင်း ၅၃၄ ဧကနှင့် ပန်းနှမ်း ၂၁၅၁၄ ဧက စုစုပေါင်း ၂၂၀၄၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းကာလ ကောလင်းခရိုင် မြို့နယ် သုံးမြို့နယ်မှာ မုန်ညင်းနဲ့ ပန်းနှမ်း ၂၄၇၆၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၂၀၄၈ ဧက စိုက်ပြီးနေပြီ။ ပန်းနှမ်းနဲ့မုန်ညင်းကို နှစ်စဉ်စိုက်ပျိုးမှုတွေရှိကြပါတယ်။ ပန်းနှမ်းနဲ့မုန်ညင်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်"ဟု ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်တွင် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးထားရှိမှုအနေဖြင့် ကောလင်းမြို့နယ်တွင် မုန်ညင်း ၁၅ ဧက၊ ပန်းနှမ်း ၁၃၀၀၅ ဧက၊ ဝန်းသိုမြို့နယ်တွင် မုန်ညင်း ၁၆၇ ဧက၊ ပန်းနှမ်း ၁၈၂၈ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် မုန်ညင်း ၃၅၂ ဧက၊ ပန်းနှမ်း ၆၆၈၁ ဧက စုစုပေါင်း မုန်ညင်း ၅၃၄ ဧကနှင့် ပန်းနှမ်း ၂၁၅၁၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးမှုအနေဖြင့် တစ်နှစ်ထက် တစ်နှစ် ပိုမိုစိုက်ပျိုးလာကြပြီး မုန်ညင်းနှင့်ပန်းနှမ်းကို ကသာခရိုင်နှင့် ကောလင်းခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြန်အောင် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရွာသစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ရွာသစ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သုည ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် ငါးသန်း၊ မီးလင်းရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ဘိုကလေးမြို့နယ်တွင် ငါးခူတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိ

**ဘိုကလေး ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် လက်ရှိ ငါးကန်ဖော်သည့်ကာလ၌ မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့နယ် ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းမှ မွေးမြူရေးတာဝန်ခံ ဒေါ်ချယ်ရီက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် လက်ရှိ ဖေဖော်ဝါရီလသည် ငါးကန်ဖော်သည့်ကာလဖြစ်ပြီး ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငါးကန်ဖော်သည့်အချိန်က မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၅၅၀၀ ထိသာဈေးရှိခဲ့ပြီး လက်ရှိ ဖေဖော်ဝါရီလအတွင်း ငါးကန်ဖော်သည့်အချိန်တွင် မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်မှာ လက်ရှိ ဖေဖော်ဝါရီလဟာ မွေးမြူရေး ငါးကန်တွေ ဖော်နေတဲ့ကာလဖြစ်တယ်။ ငါးကန်ဖော်နေတဲ့အချိန် ငါးခူတစ်ပိဿာကို ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းလာပါတာ။ ဝယ်လက်တွေကလဲ အဝယ်လိုက်နေတယ်။ မနှစ်က အရှုံးပြခဲ့တော့ ငါးမွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ အခုလို ဈေးကောင်းလာတော့ အဆင်ပြေလာတယ်။ ဈေးကောင်းတဲ့အတွက် ဒုတိယတစ်ကြိမ်ထပ်မွေးရင် ငါးကောင်ရေတိုးချဲ့မွေးမြူဖို့



လုပ်နေတဲ့သူတွေလဲ ရှိလာတယ်။ ဘိုကလေးမြို့နယ်မှာက ငါးခူမွေးမြူရေးလုပ်ငန်းအပြင် အခြား ငါးမွေးမြူရေးလုပ်ငန်းတွေကိုလဲ လုပ်ကိုင်ကြပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းမှမွေးမြူရေးတာဝန်ခံ ဒေါ်ချယ်ရီက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသခံတောင်သူများသည် လယ်ယာလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ လုပ်ကိုင်ကြကြောင်း၊ ဘိုကလေးမြို့နယ်တွင် ငါးခူမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၅၉ ဦးရှိပြီး ဒေသထွက်မွေးမြူရေး ငါးခူများကို ဘိုကလေးမြို့ ငါးအဝယ်ဒိုင်များမှတစ်ဆင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လင်းခေးမြို့နယ် ဟိုနားကျေးရွာ၌ ကျောက်စီလှေကားနှင့် မြေကာနံရံတည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**လင်းခေး ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဟိုနားကျေးရွာ၌ ရေချိုးဆိပ်ကျောက်စီလှေကားနှင့်မြေကာနံရံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဟိုနားကျေးရွာ၌ ရေချိုးဆိပ် ကျောက်စီလှေကားနှင့် မြေကာနံရံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဟိုနားကျေးရွာ၌ အလျား ၄၆ ပေ၊ အနံ ရှစ်ပေ၊ အမြင့် တစ်ပေရှိ ရေချိုးဆိပ် ကျောက်စီလှေကားနှင့် အလျား ၂၅ ပေ၊ အနံ တစ်ပေ၊ အမြင့် ကိုးပေရှိ မြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၇၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ဟိုနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်ကပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# သရက်ချောင်းမြို့နယ် ဆင်ကူးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သရက်ချောင်း ဖေဖော်ဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ဆင်ကူးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့်တာဝန်ရှိသူများသည် ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဆင်ကူးကျေးရွာ၌ သောက်သုံးရေရရှိရေး လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဆင်ကူးကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ် ခြောက်ပေ၊ အနက်ပေ ၄၀ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၆၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဆင်ကူးကျေးရွာရှိ အိမ်ခြေ ၁၆၉ အိမ်မှ လူ ၁၀၃၄ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# မြင့်မြတ်သောဘဝ မြင့်မြတ်သောစိတ်ထား

ဖျာပုံမောင်သုည

လူ့ဘဝကိုရနေတယ်ဆိုတာ ခရီးသွားတစ်ယောက်ဟာ လမ်းဆုံလမ်းခွကိုရောက်နေသလိုပါပဲ။ ရွေးချယ်စရာတွေအများကြီးရှိပါတယ်။ ခရီးသွားတစ်ယောက်ဟာ လမ်းဆုံလမ်းခွကိုရောက်တဲ့အခါ မှန်ကန်တဲ့လမ်းကို ရွေးချယ်ပြီးသွားမှသာ မိမိလိုရာခရီးကိုရောက်နိုင်မှာပါ။ လမ်းမှားကို ရွေးချယ်မိရင်တော့ မိမိလိုရာခရီးကို ရောက်နိုင်မှာမဟုတ်ပါဘူး။ ဒါတင်မက မိမိရွေးချယ်လိုက်တဲ့လမ်းဟာ မှားလဲမှားနေသေး အသက်ဘေးအန္တရာယ်လဲရှိတဲ့ လမ်းမျိုးဆိုရင်တော့ အဲဒီခရီးသွားအဖို့ မတွေးဝံ့စရာပါပဲ။

ဒါကြောင့် လမ်းမှန်ကို ရွေးချယ်တတ်ဖို့ အရေးကြီးပါတယ်။ လူ့ဘုံလူ့ဘဝဆိုတာလဲ ဒီလိုပါပဲ။ ရွေးချယ်စရာလမ်းတွေ အများကြီးပါ။ နတ်ပြည်သွားတဲ့ လမ်းတွေ၊ ဗြဟ္မာပြည်သွားတဲ့ လမ်းတွေ၊ နိဗ္ဗာန်သွားတဲ့လမ်းတွေ၊ အပါယ်လေးဘုံကိုသွားတဲ့လမ်းတွေ စသဖြင့် အများကြီးပါပဲ။ မှန်ကန်တဲ့လမ်းကို ရွေးချယ်တတ်ဖို့ လိုပါတယ်။ လမ်းရွေးမှားလို့ အပါယ်လို့ခေါ်တဲ့ ဒုဂ္ဂတိဘုံတွေကိုရောက်သွားရင်တော့ သုဂတိဘုံတွေကို ပြန်တက်လာဖို့ မလွယ်တော့ပါဘူး။ လမ်းရွေးမမှားဖို့ အရေးကြီးပါတယ်။ မိမိကြိုက်တဲ့လမ်းကို စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်လဲရှိပါတယ်။ ကြိုးစားအားထုတ်မှုလုံ့လ၊ ဝီရိယလေးတော့ရှိဖို့လိုတာပေါ့။ နတ်ပြည်ကိုသွားချင်လား၊ လူ့ပြည်ကိုပဲ ပြန်ရောက်ချင်သလား ဒါန၊ သီလအခြေခံပြီး ကာမာဝစရကုသိုလ်လေးပြုပေးရုံပါပဲ။ ဗြဟ္မာဘုံတွေကိုရောက်ချင်တယ်ဆိုရင်တော့ ဒါန၊ သီလလောက်နဲ့မရတော့ပါဘူး။ သမထဝိပဿနာပါ အားထုတ်ဖို့လိုပါတယ်။

နိဗ္ဗာန်ကို လိုချင်တယ်ဆိုရင်တော့ ခုနကပြောတဲ့ ဒါန၊ သီလ၊ သမထဝိပဿနာလောက်နဲ့ မရနိုင်ပါဘူး။ ဘာဝနာဝိပဿနာကိုပါ အားထုတ်ဖို့လိုပါတယ်။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတာတွေက ဒုက္ခမကင်းသေးတဲ့ဘုံတွေပါ။ နိဗ္ဗာန်ဆိုတာကတော့ ဝဋ်ဒုက္ခတွေ ချုပ်ငြိမ်းတဲ့နေရာပါ။ အဲဒီဝဋ်ဒုက္ခတွေ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို လိုချင်တယ်ဆိုရင်တော့ ကြိုးစားအားထုတ်မှုပိုလုပ်ရမှာပါ။ ရအောင်အားထုတ်နိုင်တဲ့ လုံ့လ၊ ဝီရိယမျိုးမရှိလို့သာ မရကြတာပါ။ တကယ်ကြိုးစားရင်တော့ တကယ်ဖြစ်နိုင်ပါတယ်။

ဒါကြောင့် လူ့ဘုံဆိုတာ ရွေးချယ်စရာလမ်းတွေ အများကြီးရှိတဲ့ လမ်းဆုံလို့ပြောတာပါ။ လူ့ဘုံလူ့ဘဝဆိုတာ မြင့်မြတ်တဲ့ဘဝတစ်ခုပါ။ မြင့်မြတ်တဲ့ဘဝတစ်ခုကိုရနေချိန်မှာ မြင့်မြတ်တဲ့ စိတ်ထားလဲရှိဖို့ လိုပါတယ်။ မြင့်မြတ်တဲ့ စိတ်ထားဆိုတာ မာန်မာနတရားတွေကင်းတဲ့စိတ်ထားပါ။ မာနဟာ သိပ်ကြောက်ဖို့ကောင်းပါတယ်။

လူတစ်ယောက်ရဲ့ ရင်ထဲမှာ မာနတရားတွေ ကိန်းအောင်းနေပြီဆိုရင် အဲဒီလူဟာ လောဘဖြစ်ဖို့ ဝန်မလေးတော့ပါဘူး။ အလားတူပါပဲ။ ဒေါသ၊ မောဟ ဖြစ်ဖို့အတွက်လဲ မခဲယဉ်းတော့ပါဘူး။ မာနတစ်ခု ကိန်းလိုက်တာနဲ့ ကျန်တဲ့အကုသိုလ်တွေဝင်လာဖို့ အစပြုတော့တာပါပဲ။ မာနကို အပြီးတိုင်ဖယ်ရှားဖို့ကလဲ မလွယ်ပါဘူး။ ရဟန္တာဖြစ်မှသာ မာနကို အပြတ်သတ်ဖယ်ရှားနိုင်မှာပါ။ အနာဂါမ်ပုဂ္ဂိုလ်တွေတောင် မာနကိလေသာတော့ ရှိသေးတယ်လို့ဆိုပါတယ်။ ပုထုဇဉ်ပုဂ္ဂိုလ်တွေအဖို့တော့ ပြောဖွယ်ရာမရှိတော့ဘူးပေါ့။ ဒါပေမဲ့ အရိယာပုဂ္ဂိုလ်တွေရဲ့မာနနဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေရဲ့ မာနကတော့ မတူနိုင်ပါဘူး။ ပုထုဇဉ်တို့ရဲ့ မာနကတော့ ငါသိငါတတ် တံခွန်ထူတဲ့မာနမျိုးပါ။ မာနကိန်းအောင်းနေတဲ့သူဟာ ဆိုဆုံးမရခက်တတ်ပါတယ်။ သူများစကားကို လက်မခံတတ်ပါဘူး။ အဲဒီရဲ့ အကျိုးဆက်ကတော့ တဖြည်းဖြည်းနဲ့ မိတ်ဆွေတွေ စွန့်ခွာလာတတ်ပါတယ်။ ကိုယ်နဲ့ပေါင်းသင်းဆက်ဆံချင်တဲ့သူ နည်းလာတတ်ပါတယ်။ မိတ်ဆွေအပေါင်းသင်းတွေမရှိတဲ့အခါ မိမိရဲ့အခက်အခဲတွေကို ကူမဲ့သူ၊ ဖေးမမဲ့သူတွေ ပျောက်ကွယ်သွားတတ်ပါတယ်။ လူဆိုတာ ပတ်ဝန်းကျင်နဲ့ ရပ်တည်နေထိုင်ကြရတဲ့ အမျိုးမဟုတ်လား။ မာနနဲ့ပတ်သက်လို့ ပြုံးချင်စရာလဲကောင်း၊ မှတ်သားစရာလဲကောင်းတဲ့ ငါးရာ့ငါးဆယ်နိပါတ်ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။

မြတ်စွာဘုရားလက်ထက်တော်က ရဟန်းငယ်နှစ်ပါးရှိခဲ့ဖူးပါတယ်။ နှစ်ပါးစလုံးက တရားအားမထုတ်ဘဲ ခန္ဓာကိုယ်အလှအပအကြောင်းပဲ ပြောနေတတ်ပါတယ်။ မိမိတို့ခန္ဓာကိုယ်ကိုလဲ လှနေအောင်ပြုပြင်ပြီး နေထိုင်တတ်ပါတယ်။ ရဟန်းက အလှပြင်တယ်ဆိုတော့ လူတွေလိုတော့ မဟုတ်ပါဘူး။ သင်္ကန်းအသစ်လေးတွေနဲ့ ကြော့ကြော့မော့မော့ ဒီလိုနေမှာပါ။ တစ်နေ့တော့ ခန္ဓာကိုယ်အလှအပတွေအကြောင်း ပြောရင်း နှစ်ပါးထဲက တစ်ပါးက"အရှင်ဘုရားက တပည့်တော်လောက် မလှပါဘူး။ တပည့်တော်က

❖မှိဝဲအပ်တဲ့မာနမျိုးကတော့ နှလုံးသွင်းမှန်မှဖြစ်နိုင်တာပါ။ နှလုံးသွင်းမမှန်ရင်တော့ အကုသိုလ်ဖြစ်စေတဲ့မာနတွေပဲ ဖြစ်နေတော့မှာပါ။ မှိဝဲအပ်တဲ့မာနမျိုးဖြစ်ရင် ပြဿနာမရှိပေမဲ့ မမှိဝဲအပ်တဲ့မာနတွေဖြစ်နေရင်တော့ ဖြစ်တိုင်းအကုသိုလ်ဖြစ်နေတာပါပဲ။ ဒါကြောင့် အကုသိုလ်ဖြစ်စေတဲ့မာနတွေဖြစ်ပေါ်နေရင် သတိထားဖို့လိုပါတယ်။ သတိမထားမိရင်တော့ မြင့်မြတ်တဲ့လူ့ဘဝကိုရလာပြီး စိတ်ထားကတော့ ယုတ်ညံ့နေတော့မှာပါ။ မြင့်မြတ်တဲ့ဘဝကိုရလာမှတော့ စိတ်ထားလဲမြင့်မြတ်ဖို့လိုပါတယ်။ စိတ်ထားမြင့်မြတ်ဖို့ဆိုရင် ကုသိုလ်ဖြစ်စေတဲ့မာနတွေ ကင်းစင်နေဖို့လိုပါတယ်။ ❖

အရှင်ဘုရားထက် ပိုလှတယ်"လို့ စပြောလိုက်ပါတယ်။ ဒီတော့ နားထောင်တဲ့ တစ်ပါးက"အို. . . အဓိပ္ပာယ်မရှိတာတွေ ပြောနေပြန်ပြီ။ တပည့်တော်က အရှင်ဘုရားထက် ပိုလှတာပေါ့"လို့ ပြန်ပြောလိုက်ပါတယ်။ ဒီလိုနဲ့ သူလှတယ်၊ ငါလှတယ် ငြင်းခုံတဲ့အဆင့်ထိ ဖြစ်သွားပါတော့တယ်။ ငြင်းခုံနေတဲ့ ရဟန်းငယ်နှစ်ပါးနဲ့ မနီးမဝေးမှာ ရဟန်းအိုတစ်ပါး ထိုင်နေပါတယ်။ ငြင်းခုံရင်း ရဟန်းအိုကိုလှမ်းတွေ့တော့ "လာသွားမယ်။ တပည့်တော်ကပဲ ပိုလှသလား၊ ကိုယ်တော်ကပဲ ပိုလှသလားဆိုတာ ဟိုရဟန်းအိုဆီ သွားမေးကြမယ်"လို့ ပြောပြီး ရဟန်းအိုရှိရာကို နှစ်ပါးသား ခပ်သွက်သွက်ထွက်ခဲ့ပါတယ်။ ရဟန်းအိုအနားရောက်တော့ "အရှင်ဘုရား။ တပည့်တော်တို့နှစ်ပါး ဘယ်သူက ပိုလှလဲဘုရား"လို့ မေးလိုက်ပါတယ်။ ဒီတော့ ရဟန်းအိုက "ကိုယ်တော်တို့ နှစ်ပါးလှတာ၊ မလှတာ တပည့်တော်မသိဘူး။ ကိုယ်တော်တို့နှစ်ပါးထက် တပည့်တော်က ပိုလှတယ်"လို့ ပြန်ဖြေလိုက်ပါသတဲ့။ အဖြေစကားကြားလိုက်ရတဲ့ ရဟန်းငယ်နှစ်ပါးက မျက်နှာတွေနီရဲသွားပြီး "ဒီရဟန်းအိုဟာ ငါတို့မေးတာကိုမဖြေဘူး။ မမေးတာကိုဖြေတယ်။ အလကားရဟန်းအိုကြီးပဲ"လို့ ဆဲရေးပြီး စိတ်မသက်မသာနဲ့ ထွက်သွားကြပါတော့တယ်။

ဒီဝတ္ထုလေးဖတ်ပြီး ရဟန်းအိုရဲ့အဖြေကို ပြုံးမိလိုက်တာကတော့ အမှန်ပါပဲ။ တစ်ဆက်တည်းမှာပဲ လူတွေရဲ့စိတ်အတွင်းက မသိမသာကိန်းအောင်းနေတဲ့ မာနကိုတွေ့လိုက်ရတော့ မှတ်သားစရာလဲ ကောင်းလှပါတယ်။ စိတ်မသက်မသာနဲ့ထွက်သွားရတဲ့ ရဟန်းငယ် နှစ်ပါးကိုလဲ မျက်လုံးထဲက မြင်လိုက်မိပါတယ်။ ဇာတ်တော်ထဲက စာအရဆိုရင်တော့ ရဟန်းငယ်နှစ်ပါးက တကယ်ရုပ်လှပုံရပါတယ်။ ရဟန်းအိုကတော့ အိုမင်းခြင်းတွေနဲ့ ထိတွေ့နေပြီဆိုတော့ အလှတွေက ခွာနေလောက်ပါပြီ။ နောက်ဆုံးကျတော့ လူတွေဟာ ဘာမဟုတ်တဲ့ သေးသေးဖွဲဖွဲလေးကအစ အကြီးကြီးထိ မာနကိုအခြေခံသွားကြတာပါပဲ။ မာနဖြစ်တဲ့ အများစုကတော့ ရုပ်လှတာ၊ ပိုက်ဆံရှိတာ၊ ပညာတတ်တာ၊ အောင်မြင်ကျော်ကြားတာ၊ ရာထူးရှိတာ စတဲ့အားသာချက်တွေကို အခြေခံပြီးဖြစ်ကြတာ များပါတယ်။ ဝိဘင်းပါဠိတော်မှာတော့ မာနသုံးမျိုးကို ပြဆိုထားပါတယ်။ အဲဒီမာနတွေကတော့-

၁ ။ သေယျမာန

၂ ။ သဒိသမာန

၃ ။ ဟီနမာနတို့ပဲဖြစ်ပါတယ်။

၁ ။ သေယျမာနဆိုတာ အမျိုးဂုဏ်မြတ်တာ၊ ရုပ်လှတာ၊ ပိုက်ဆံရှိတာ၊ အသံကောင်းတာ၊ အလုပ်အကိုင်ကောင်းတာ၊ ဗဟုသုတရှိတာ၊ ပညာတတ်တာ စသည်အားဖြင့် ငါကသူများထက် ပိုသာတယ်၊ ပိုမြတ်တယ်လို့တွေးထင်နေတဲ့ မာနပါ။ ပိုက်ဆံရှိတဲ့သူက ငါကသူများထက် ပိုပိုက်ဆံရှိတယ်။ ပညာတတ်တဲ့သူက ငါက သူများထက် ပိုပညာတတ်တယ်။ ရုပ်လှတဲ့သူက ငါက သူများထက် ပိုရုပ်လှတယ်လို့ တွေးနေတာမျိုးပါ။

၂။ သဒိသမာနဆိုတာ ပိုက်ဆံရှိတာ၊ ပညာတတ်တာ၊ ရုပ်လှတာ စတာတွေဟာ သူတို့မှာရှိသလို ငါ့မှာလဲရှိနေတာပဲ။ သူတို့မှာ ရှိတာနဲ့ ငါ့မှာရှိတာ အတူတူပဲလို့ တွေးထင်နေတဲ့မာနပါ။ သူတို့မှာ ပိုက်ဆံရှိသလို ငါ့မှာလဲပိုက်ဆံရှိတာပဲ၊ သူတို့မှာရှိတာနဲ့ ငါ့မှာရှိတာအတူတူပဲဆိုပြီး ရှိတဲ့သူအချင်းချင်း နှိုင်းယှဉ်ပြီးဖြစ်ပေါ်လာတဲ့အတွေးမျိုးပါ။

၃။ ဟီနမာနဆိုတာ သူတို့လို ပိုက်ဆံတွေ၊ အောင်မြင်မှုတွေမရှိလဲ သူတို့ကို ဘာအရေးစိုက်စရာလိုလဲလို့ မရှိတဲ့သူမှာဖြစ်တဲ့မာနမျိုးပါ။ မရှိတဲ့သူကလဲ မရှိတာကိုပဲ ဂုဏ်ယူပြီး တွေးနေတဲ့မာနပါ။

မာနဆိုတာ မာနတိုင်းတော့ မကောင်းတာမျိုး မဟုတ်ပါဘူး။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာပုဂ္ဂိုလ်တို့မှာ ဖြစ်ပေါ်လေ့ရှိတဲ့ မာနတွေက သိပ်ကြောက်စရာမကောင်းပါဘူး။ တစ်ခါတလေ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာဖြစ်ပေါ်တတ်တဲ့ မာနတွေကလဲ ကောင်းတဲ့အရာလေးတွေရှိတတ်ပါတယ်။ မာနကို အမှီပြုပြီး ကုသိုလ်ဖြစ်သွားနိုင်တဲ့ အထောက်အထားတွေလဲရှိပါတယ်။ နေတ္တိပါဠိတော်နဲ့ အဋ္ဌကထာ၊ ဋီကာအဖွင့်တို့မှာ-

၁ ။ သေဝိတဗ္ဗ မာန-မှီဝဲအပ်တဲ့မာန၊

၂ ။ အသေဝိတဗ္ဗမာန- မမှီဝဲအပ်တဲ့မာနဆိုပြီး နှစ်မျိုးပြထားပါတယ်။ မာနကိုအမှီပြုပြီး ကုသိုလ်တွေဖြစ်သွားရတဲ့မာနက မှီဝဲအပ်တဲ့မာနပါတဲ့။ ဥပမာ- သူလဲ သီလဆောက်တည်နိုင်သလို ငါလဲ သီလဆောက်တည်နိုင်တာပဲဆိုပြီး သီလဆောက်တည်ဖြစ်သွားတာ။ သူလဲ တရားအားထုတ်နိုင်သလို ငါလဲ တရားအားထုတ်နိုင်တာပဲဆိုပြီး တရားအားထုတ်ဖြစ်သွားတာ။ သူလဲပဋ္ဌာန်းရွတ်နိုင်သလို ငါလဲပဋ္ဌာန်းရွတ်နိုင်တာပဲဆိုပြီး ပဋ္ဌာန်းရွတ်ဖြစ်သွားတာပါ။ အဲဒီလို မာနကိုအမှီပြုပြီး ကုသိုလ်ဖြစ်သွားတဲ့ မာနမျိုးကတော့ မှီဝဲသင့်တဲ့မာနမျိုးပါ။ နောက် ပဋ္ဌာန်းပါဠိတော်မှာလဲ မြတ်စွာဘုရားရှင်က "အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပကတူပနိဿယော မာနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထ ကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ"လို့ ဟောပြထားပါတယ်။ အဓိပ္ပာယ်ကတော့ အကုသိုလ်ကနေ ကုသိုလ်ကို ကျေးဇူးပြုပါတယ်တဲ့။ ဘယ်လိုပြုသလဲဆိုရင် မာနကို အမှီပြုပြီး ဒါနတွေပြုမယ်၊ သီလတွေ ဆောက်တည်မယ်၊ ဥပုသ်နေ့မှာ စောင့်ထိန်းရတဲ့ ရှစ်ပါးသီလ၊ ကိုးပါးသီလကို ဆောက်တည်မယ်၊ ဈာန်ဖြစ်စေတဲ့ သမထ ကမ္မဋ္ဌာန်းတစ်ခုခုကိုပွားများမယ်၊ ဝိပဿနာတရားကို ပွားများအားထုတ်မယ်။ ဒါဆိုရင် မဂ်လဲ ရနိုင်ပါတယ်၊ အဘိညာဉ်လဲ ရနိုင်ပါတယ်၊ သမာပတ်လဲ ရနိုင်ပါတယ်။

မာနဆိုတာ အကုသိုလ်တစ်မျိုးပါပဲ။ ဒါပေမဲ့ အဲဒီမာနကိုအကြောင်းပြုပြီး မဂ်၊ အဘိညာဉ်၊ သမာပတ်အထိတောင် ရသွားနိုင်ပါတယ်လို့ ပဋ္ဌာန်းပါဠိတော်မှာ ဟောပြထားတာလေးက အတော်မှတ်သားဖို့ကောင်းပါတယ်။ ဥပမာ-မာနဖြစ်လိုက်တယ်၊ ဖြစ်တဲ့မာနကိုပဲ အမှီပြုပြီး "သူတောင် တရားအားထုတ်နိုင်သေးတာပဲ၊ ငါက သူ့ထက်တောင် ပိုအားထုတ်နိုင်သေးတယ်"ဆိုပြီး တရားအားထုတ်ဖြစ်သွားတာမျိုးတွေပါ။ သူများတွေ ပရဟိတလုပ်တာတွေ့ရင်လဲ "သူတို့တောင် လုပ်နိုင်သေးတာ ငါကဘာလို့မလုပ်နိုင်ရမှာလဲ"ဆိုပြီး အများအကျိုးပြုအလုပ်တွေ လုပ်မိသွားတာလဲ မာနကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ကုသိုလ်တွေပါပဲ။ ဒါက သေဝိတဗ္ဗမာနလို့ခေါ်တဲ့ မှီဝဲအပ်တဲ့မာနမျိုးပါ။ မမှီဝဲအပ်တဲ့မာနကတော့ အထူးပြောစရာမလိုတော့ပါဘူး။ အထက်ကဖော်ပြခဲ့တဲ့ မာနသုံးမျိုးပါပဲ။ အဲဒီမာနသုံးမျိုးဟာ ဖြစ်ပေါ်တိုင်း အကုသိုလ်ဖြစ်နေတတ်လို့ပါ။

မှီဝဲအပ်တဲ့ မာနမျိုးကတော့ နှလုံးသွင်းမှန်မှဖြစ်နိုင်တာပါ။ နှလုံးသွင်းမမှန်ရင်တော့ အကုသိုလ်ဖြစ်စေတဲ့မာနတွေပဲ ဖြစ်နေတော့မှာပါ။ မှီဝဲအပ်တဲ့ မာနမျိုးဖြစ်ရင် ပြဿနာမရှိပေမဲ့ မမှီဝဲအပ်တဲ့ မာနတွေဖြစ်နေရင်တော့ ဖြစ်တိုင်းအကုသိုလ်ဖြစ်နေတာပါပဲ။ ဒါကြောင့် အကုသိုလ်ဖြစ်စေတဲ့မာနတွေဖြစ်ပေါ်နေရင် သတိထားဖို့လိုပါတယ်။ သတိမထားမိရင်တော့ မြင့်မြတ်တဲ့လူ့ဘဝကိုရလာပြီး စိတ်ထားကတော့ ယုတ်ညံ့နေတော့မှာပါ။ မြင့်မြတ်တဲ့ဘဝကိုရလာမှတော့ စိတ်ထားလဲမြင့်မြတ်ဖို့လိုပါတယ်။ စိတ်ထားမြင့်မြတ်ဖို့ဆိုရင် အကုသိုလ်ဖြစ်စေတဲ့မာနတွေ ကင်းစင်နေဖို့လိုပါတယ်။ အဲဒီမာနတွေ ကင်းစင်နေမှ မြင့်မြတ်တဲ့စိတ်ထားကောင်းတွေကို ပိုင်ဆိုင်ကြမှာပါ။ မြင့်မြတ်တဲ့စိတ်ထားကောင်းတွေကို ပိုင်ဆိုင်ဖို့ကလဲ မခက်ပါဘူး။ မိမိတို့ရင်ထဲမှာ ကိန်းနေတဲ့မာနလေးကို စောင့်ကြည့်ပေးနေရုံပါပဲ။ "မိမိတို့ဖြစ်ပေါ်နေတဲ့ မာနဟာ ဘယ်လိုမာနမျိုးလဲ"။ မမှီဝဲအပ်တဲ့မာနမျိုးဆိုရင် မှီဝဲအပ်တဲ့မာနဖြစ်အောင် ပြုပြင်လိုက်ပါ။ အကုသိုလ်ဖြစ်စေတဲ့မာနတွေ တအားဖြစ်ပေါ်နေတယ်ဆိုရင်လဲ မိမိတို့က အဲဒီလိုမာနတွေ အားနည်းသွားအောင် သတိနဲ့ထိန်းလိုက်ရုံပါပဲ။ မြင့်မြတ်တဲ့ဘဝသစ်ကိုရလာချိန်မှာ မြင့်မြတ်တဲ့စိတ်ထားတွေကို ပိုင်ဆိုင်ထားမှလဲ တန်ဖိုးရှိတဲ့ဘဝသစ်ကို ရရှိကြမှာပါ။ ဒါကြောင့် အကုသိုလ်ဖြစ်စေတဲ့ မာနလေးတွေကိုထိန်းသိမ်းပြီး မြင့်မြတ်တဲ့ဘဝမှာ မြင့်မြတ်တဲ့စိတ်ထားတွေလဲ ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတော့တယ်။

**ကိုးကား**

**– ငါးရာ့ငါးဆယ်နိပါတ် ဂင်္ဂေယျဇာတ်၊ အရှင်ဇနကာဘိဝံသ၏ အခြေပြုပဋ္ဌာန်းတရားတော်။**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖြူးဘူတာနှင့် အုတ်တွင်းဘူတာကြား အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖြူးဘူတာနှင့် အုတ်တွင်းဘူတာကြား အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့မီးရထားအနေဖြင့် မြန်မာ့မီးရထားကဏ္ဍအဆင့်မြှင့်တင်သည့်လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားကဏ္ဍအဆင့်မြှင့်တင်ရာတွင် ရထားလမ်းသံပေါင်များ ပြုပြင်ခြင်း၊ ရထားလူကူးခုံးတံတားများ ပြန်လည်တည်ဆောက်ခြင်း၊ ဘူတာနှင့် ရထားလမ်းများတွင် ခြံစည်းရိုးကာရံခြင်းနှင့် ဘူတာများအဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများပါဝင်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရန်ကုန်-မန္တလေးလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း(Phase-1)မှ ညောင်လေးပင်-တောင်ငူလမ်းပိုင်းရှိ ဖြူးဘူတာနှင့် အုတ်တွင်းဘူတာကြား အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကို ဆောင်ရွက်နိုင်ရေးအတွက် ယခုအခါ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားသည် ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ရန်ကုန်-တောင်ငူလမ်းပိုင်းနှင့် တောင်ငူ-မန္တလေးလမ်းပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းခွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ရန်ကုန်-တောင်ငူရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ကွန်ကရစ်ဇလီဖားထုတ်လုပ်ခြင်းလုပ်ငန်း၊ လမ်းခင်းကျောက်ဝယ်ယူစုဆောင်းခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီး အဆိုပါရန်ကုန်-တောင်ငူရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ် မေလတွင် အပြီးဆောင်ရွက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။ SKL

# ကန့်ကြီးထောင့်မြို့နယ်၌ စိုက်ပျိုးရေးမွေးမြူရေးနှင့် ငါးသယံဇာတထိန်းသိမ်းနည်း သင်တန်းဖွင့်

**ကန့်ကြီးထောင့် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးသယံဇာတထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက အနောက်စုကြီးခေတ်မီစံပြကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်မိုးနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်လင်စိုးတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေတိုးစေပြီး အလုပ်အကိုင်ရရှိစေရေးအတွက် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးသယံဇာတထိန်းသိမ်းနည်းသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကသင်ကြားပေးသော အသိပညာ၊ အတတ်ပညာများဖြင့် လက်တွေ့နယ်ပယ်တွင် မိသားစုစီးပွားရေးနှင့် မိမိပတ်ဝန်းကျင်ကို အထောက်အပံ့ပေးနိုင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းတွင် မျိုးကောင်းမျိုးသန့်စပါးစိုက်ပျိုးနည်း၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်း၊ ပိုးမွှားရောဂါကာကွယ်နည်း၊ လက်တွေ့ကွင်းဆင်း လေ့လာသင်ကြားခြင်း၊ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်မွေးမြူနည်း၊ တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သောရောဂါအကြောင်း၊ ဝက်ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်း၊ နို့စားနွားမွေးမြူခြင်းနှင့် မေထုန်မဲ့သားဖောက်ခြင်း စသည့်သင်ခန်းစာများကို ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ကန့်ကြီးထောင့်မြို့နယ်အတွင်းရှိ အနောက်စုကြီး ခေတ်မီစံပြကျေးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်ထိ ဖြစ်ကြောင်း သိရသည်။ **တေဇာလင်း**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်













## ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး အိတ်ပိတ်လေလံကြော်ငြာ

၁။ စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး၏ မာတ်အားလိုင်းအသစ်ပြုပြင်ဆောင်ရွက်ခြင်းမှ ထွက်ရှိလာသော ကြေးနန်းကြိုးခွေများအား မြန်မာကျပ်ငွေဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါ၍ ဝယ်ယူလိုသော လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | လေလံလျှောက်လွှာရောင်းချမည့်ရက် | - | ၈-၂-၂၀၂၃ ရက်မှ ၁၄-၂-၂၀၂၃ အထိ |
| ၃။ | လေလံတင်သွင်းရမည့်ရက် | - | ၁၆-၂-၂၀၂၂ ရက် (၉း၀၀ နာရီမှ ၁၆း၀၀ နာရီ) |
| ၄။ | တင်သွင်းရမည့်နေရာ | - | ရာဇမဏိစူဠာကောင်းမှုတော်ဘုရား ဂေါပကရုံးခန်း |

၅။ တင်ဒါလေလံပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ဂေါပကအဖွဲ့
ရာဇမဏိစူဠာကောင်းမှုတော်ဘုရား
၀၉-၄၄၄၀၀၁၉၃၁


မြင့်မေအာနာဆေးဆိုင်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

မီး သတိပြု



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုဒ္ဓါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၅၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုပိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကို ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း...

❖ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း...

❖ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း...

(အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံဝင်းအတွင်းရှိ ပျော့ဖတ်ထုတ်လုပ်ရေးစက်ရုံခွဲ(Pulping Plant)၊ တန် ၅၀ စက္ကူစက်ရုံ၊ တန် ၆၀ သတင်းစာစက္ကူစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်၌ လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့ကို

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

